mgyoe.com



# ပန်းပွင့်နဲ့ အိပ်မက်များသုံး

ဝတ္ထုတိုများ

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၊
ပထမအကြိမ် - ၂၀၀၁ ခုနှစ်၊ ကြောင်နှစ်ကောင်စာပေတိုက်။
ထုတ်ဝေသူ
ဒေါ်သီတာမြင့်၊ စာစည်းစိမ်စာပေ(၀၂၇၈၅)၊
အမှတ် ၂၁၊ လှော်ရွှေးဝင်းလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။

ရောင်းဈေး - ၁၈၀၀ ကျပ်

mgyoe.com

mgyoe.com

# ပန်းပွင့်နဲ့
# အိပ်မက်များသူ

ဝတ္ထုတိုများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စာရေးသူထံမှ...

ဝတ္ထုတိုကလေးတွေရေးပြီး လိုက်ပို့ရစဉ်ကာလတုန်းက...
ကျွန်တော့်ကို ကျွန်တော်
''ပန်းပွင့်နဲ့ အိပ်မက်မျှားသူ''...လို့
အားပေးခဲ့ဖူးပါတယ်။
ဝတ္ထုတိုကလေးတစ်ပုဒ် မဂ္ဂဇင်းမှာ ပါလာရင်...
ကျွန်တော့်ပန်းလေးတစ်ပွင့်နဲ့
အိပ်မက်တစ်ခုကို မျှားနိုင်ခဲ့တာပေါ့...။
အခု...
ကျွန်တော်ရခဲ့တဲ့ အိပ်မက်တွေကို လွမ်းဆွတ်စွာ စုစည်းထုတ်ဝေခဲ့တာပါ။
ဝတ္ထုတိုကလေးတွေကို နှစ်အလိုက် မစီဖြစ်ဘဲ...
စာဖတ်သူအစဉ်ပြေအောင် စီစဉ်ထားမိပါတယ်။
ဘာကြောင့်လဲဆိုတော့...
ကျွန်တော်ရခဲ့တဲ့ အိပ်မက်တွေက
ရယ်စရာကောင်းတာ ရှိသလို... လွမ်းစရာ၊ ကြေကွဲစရာတွေလဲ ပါလို့ပါ။
''ပန်းပွင့်နဲ့ အိပ်မက်မျှားသူ''တစ်ပုဒ်သာ...
မဂ္ဂဇင်းကို မပို့ဖြစ်တဲ့ ဝတ္ထုရှည် အသစ်ပါ။
ကျွန်တော့်အိပ်မက်တွေကို တစ်စုတစ်စည်း ပြန်မြင်ခွင့်ရတဲ့အတွက်
စီစဉ်သူ ကိုမျိုးကို အထူးကျေးဇူးတင်ကြောင်းပါ။
ကျွန်တော့်အိပ်မက်တွေကို လက်ဝယ်ရအောင် ပေးခဲ့တဲ့
မဂ္ဂဇင်းအသီးသီးက အယ်ဒီတာများကိုလည်း
အမှတ်တရ ရှိပါကြောင်းဖြင့်...။

(နီကိုရဲ)

mgyoe.com

mgyoe.com

## မာတိကာ

၁။ လိုက်ဖက်ထောင့်မှားတဲ့အိပ်မက် (၁၉၉၃၊ ဧပြီ၊ ဟန်သစ်)
၂။ လှည့်စားချက်နှင့်လှည့်စားခြင်း (၁၉၉၄၊ ရွှေဝတ်မှုန်)
၃။ မြေးအဖိုးအော်ပရေးရှင်း (၁၉၉၅၊ ဇန်နဝါရီ၊ ဟန်သစ်)
၄။ လိုက်ကာတွေအပြည့်ချထားတဲ့အိမ် (၁၉၉၅၊ ဖေဖော်ဝါရီ၊ ရွှေဝတ်မှုန်)
၅။ မင်္ဂလာညည့်ခံပွဲ (၁၉၉၆၊ ဇန်နဝါရီ၊ မြန်မာ့ရုပ်ရှင်)
၆။ ထမင်းစားပွဲ (၂၀၀၀၊ ဇွန်၊ ဟန်သစ်)
၇။ လက်စွပ် (၁၉၉၄၊ ဇွန်၊ ရုပ်ရှင်အောင်လံ)
၈။ ကောင်းကင်ရဲ့အဝေး (၁၉၉၅၊ ဇူလိုင်၊ ရနံ့သစ်)
၉။ ပန်းပွင့်နဲ့မျှားတဲ့အိပ်မက်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## လိုက်ဖက်ထောင့်မှားတဲ့အိပ်မက်

mgyoe.com

mgyoe.com

သူ့ကို တွေ့လိုက်တော့ အတော့်ကို အံ့ဩသွားတယ်။ အံ့ဩရတဲ့ စိတ်အလျင် မစခင်မှာဘဲ သူ့မှ ကျွန်တော်ထိုင်နေတဲ့ ပတ်လက်ကုလားထိုင်နားကို ရောက်လာပြီး ခုံမှာ ဝင်ထိုင်တယ်။ နေ့လယ်ခင်းတွေဟာ တိတ်ဆိတ်နေတယ်။ လမ်းမပေါ်မှာ နေရောင်က ကားတစ်စီး လူတစ်ယောက်ကို စောင့်နေတဲ့ပုံစံမျိုး၊ သူ့ကို တွေ့လိုက်ရတော့ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ဘယ်လိုမှ မတွေးနိုင်ခဲ့ဘူး။ ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်နေတဲ့ လူတစ်ယောက်ကို ဘေးကနေ ဆတ်ခနဲ တွန်းတာ ခံလိုက်ရသလို အိပ်ပျော်နေတဲ့ လူတစ်ယောက်ကို ဆွဲထူပြီး မေးခွန်းတစ်ခု မေးလိုက်သလို အဲဒီလိုမျိုးပါပဲ။ သူကလည်း ကျွန်တော် အံ့အားသင့်သွားတယ်ဆိုတာကို သိပုံရပါတယ်။ လက်ထဲကထီးရယ်၊ မိကျောင်းသားရေ ပိုက်ဆံအိတ်ကလေးရယ်၊ အလွယ်တကူ ဆွဲယူလာဟန်တူတဲ့ ဗလာစာအုပ်ရယ်ကို စားပွဲပေါ်ပစ်တင်ပြီး အနီရောင် စပို့ရှပ်ကလေးကို သူ့ရင်ကနေ ဆွဲယူပြီး လှုပ်ကာ လေတစ်ချက်နှစ်ချက် မှုတ်သွင်းပါတယ်။ ကျွန်တော့်အဖေရော၊ အမေပါ ရုံးသွားနေတယ်ဆိုတာရယ်၊ ကျွန်တော် စာဖတ်ရင်း အိပ်ပျော်ဖို့ ကြိုးစားနေတယ် ဆိုတာရယ်၊ ပက်လက်လန်နေတဲ့

mgyoe.com

mgyoe.com

ဂစ်တာနံဘေးမှာ ပွစာကျဲနေတဲ့ သီချင်းစာအုပ်တွေကို ကြည့်ပြီး ကျွန်တော် သီချင်းတစ်ပုဒ် နှစ်ပုဒ် စိတ်မပါဘဲ တီးထားတယ်ဆိုတာရယ်၊ ကျန်တာတွေ တော်တော်များများကိုလည်း သူ သိနေဂါလိမ့်မယ်။

သိမှာပေ့ါ…၊ သူဟာ ကျွန်တော့် ချစ်သူဟောင်းတစ်ယောက်ပါ။ အဲဒီထက် နည်းနည်းကြိုးစားပြောရရင် သူဟာ ကျွန်တော်နဲ့ ကွဲသွားတာ သုံးနှစ် ကြာပြီဖြစ်တဲ့ ကျွန်တော့် ရည်းစားဦးပါ။ သူက ဘာမှ မလှုပ်မရှားနိုင်ဖြစ်နေတဲ့ ကျွန်တော့်ကို လှစ်ခနဲ တစ်ချက် ခိုးကြည့်လိုက်ရင်းက စားပွဲပေါ်က ဒီဇိုင်းဆွဲတဲ့ ပွိုင့်ဖိုက်ကလောင်တံလေးကို ကောက်ကိုင်လိုက်ရင်း…

"ဟယ်… ဒါလေးက ဘယ်လိုရေးတာလဲ၊ အနောက်ဘက်ကလဲ သစ်သားကြီး စွပ်ထားတာ၊ ဒီမော့မော့ကလေးထဲကို မင်ထည့်ရတာလား"

သူ့စကားဆုံးတော့ ဘာမှမပြောတဲ့ ကျွန်တော့်ဘက်ကိုတော့ သူ လှည့်မကြည့်တော့ပါဘူး။ ကလောင်တံကို ချပြီး ကောက်ရိုးပန်းချီကားလေးကို ကောက်ကိုင်ပြီး ကြည့်ပြန်တယ်၊ တကယ်ဆို သူ ကျွန်တော့်ဆီလာဖို့ မကောင်းပါဘူး။ သူ့ကို ကျွန်တော် မုန်းတယ်၊ နာတယ်၊ စက်ဆုတ်ရွံရှာတယ်ဆိုတာ သူ သိထားပြီးသားပဲ။ ဒါပေမယ့် သူဟာ အပြစ်ရှိလျက် ရည်းစားဟောင်းတစ်ယောက်ဆီကို လာတဲ့ မိန်းကလေးတစ်ယောက်နဲ့ မတူဘဲ သူငယ်ချင်းအိမ်ကို အလည်လာတဲ့ မိန်းကလေးတစ်ယောက်လိုပါပဲ။ အေးလေ…သူ ဒီလိုပုံစံမျိုးနဲ့ပဲ လာပေလိမ့်မပေ့ါ။ ကျွန်တော် ကြုံခဲ့ဖူးတဲ့အထဲမှာဆို ဒါဟာ သူ့အတွက် အသေးဖွဲဆုံးမာယာမျိုးပါ။

ခက်တာက… သူနဲ့ကျွန်တော် ကွဲသွားခဲ့တာ သုံးနှစ်လောက်ရှိပြီ။ တစ်ခါမှလည်း မတွေ့တော့ဘူး၊ သူ့ကို ကျွန်တော် မေ့တောင်မေ့နေခဲ့ပါပြီ၊ သူနဲ့ပတ်သက်လို့လည်း တစ်ခါမှ သတိရတာ၊ စိတ်ကူးတာ၊ တွေးထင်တာတွေ မရှိတော့ဘူး၊ မျှော်လည်း မမျှော်လင့်တော့ဘူး၊ သူနဲ့ကွဲကာစ တစ်နှစ်လောက်ကတော့ ကျွန်တော့်မှာ အရူးအမူးပဲ။

ကျွန်တော့်အပေါ် စော်ကားတာ၊ လှည့်စားတာတွေကို သူ



mgyoe.com

mgyoe.com

သိလာပြီး၊ ကျွန်တော့်ရဲ့ ခွင့်လွှတ်တဲ့မေတ္တာကို နားလည်လာပြီး ကျွန်တော့် ဆီများ ပြန်လာမလား၊ စော်ကားခံလိုက်ရတဲ့ ကျွန်တော့်မေတ္တာအတွက် ရက်စက်တဲ့ စကားလုံးချွန်မြမြတွေကို သွေးပြီး ကျွန်တော် သူ့ကို စောင့်နေခဲ့တယ်။

ခွင့်လွှတ်ပါနော်လို့ ရှိုက်သံတွေနဲ့ ပြောတဲ့အခါ ကျွန်တော် ပေါက်ကွဲပြီး နေရာက သူ့ကို ခွင့်လွှတ်ဖို့ စကားလုံးတွေနဲ့ ကျွန်တော် စောင့်နေခဲ့ဖူးတယ်။ ဒါပေမယ့် အဲဒီတုန်းက သူ ရောက်မလာခဲ့ပါဘူး။ ကျွန်တော်ကလည်း သူ့ကို မတွေ့အောင် ရှောင်တယ်၊ နားလည်လာလျှင် သူကသာ လာရမယ်၊ ကျွန်တော့်ကို အရှက်ကြီး ရှက်ရအောင် စော်ကားခဲ့တဲ့ သူ့ကိုတော့ ဘယ်တော့မှ ကျွန်တော်တွေ့ဖို့ စကားပြောရဖို့ ကြိုးစားမှာ မဟုတ်ဘူး။

''ဦးဦးတို့ ရုံးသွားကြတာလား…''

သူ့စကားဆုံးတော့ ကျွန်တော်က…

''ဟုတ်တယ်''

လို့ ဖြေလိုက်တယ်။ သူ့ကို ပြန်စကားမပြောဘဲနေဖို့ ကျွန်တော့်မှာ စိတ်ကူးမရှိပါဘူး။ သူက ဆံပင်တွေကို ဆတ်ခနဲ ခါတင်လိုက်ရင်းက ကျွန်တော့်ကို ပြုံးပြပါတယ်။ သူ ဘာလိုချင်တာလဲ၊ သူ့လှုပ်ရှားမှု၊ သူ့ မျက်ဆံနက်၊ သူ့ပင့်သက်၊ သူ့အပြုံးတွေကို ဗလုံးဗထွေးငေးရင်းနဲ့ ကျွန်တော် သူနဲ့ပတ်သက်လို့ စတင်စဉ်းစားပါတယ်။ ဟုတ်တယ် သူ ဘာကို ငါ့ဆီက လိုချင်နေလို့လဲ။

မြတ်မြတ်နိုးနိုး စွဲစွဲလမ်းလမ်း အားငယ်ကြောက်ရွံ့စွာ ချစ်နေခဲ့တဲ့ ကျွန်တော့်ကို ပစ်ထားခဲ့ပြီး နောက်တစ်ယောက်နောက်ကို လိုက်သွားခဲ့ဖူးတဲ့ သူမက ကျွန်တော့်ဆီက ဘာများထပ်လိုချင်နေခဲ့ပါလိမ့်။ သူ့ကို ငေးကြည့်နေခဲ့ပေမယ့် သူ ဘာလိုချင်နေတယ်ဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်ဟာ သူ့လှုပ်ရှားမှုတွေကို ကြည့်ပြီး ဘယ်တော့မှ သူ့စိတ်ကို မခန့်မှန်းနိုင်လောက်အောင် ညံ့ခဲ့တဲ့လူပါ။

ဆောင်းနှေလယ်ခင်းဟာ ကျွန်တော် အလျှင်ထင်ထားတာထက် ပိုပြီး တိတ်ဆိတ်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ တိတ်ဆိတ်မှုတွင်

mgyoe.com

mgyoe.com
မကာဘူး ဒီဆောင်းနှေလယ်ခင်းထဲမှာ နူးညံ့မှုပါ ပါနေတယ်။ ရေလှိုင်းတွေ ပြန်ဆင်းသွားခါစ သောင်ပြင်အစပ်ရဲ့ နူးညံ့ပုံမျိုး။ ဆေးသားမတင်ရသေးတဲ့ ကင်းပတ်(စ)စ တစ်စလိုမျိုး။ သူနဲ့ ကျွန်တော်ရဲ့လှုပ်ရှားမှု စကားသံတွေဟာ သောင်စပ်တစ်ပြင်မှာ ထင်သွားမယ့် ခြေရာတွေလို ကင်းပတ်(စ)စပေါ် ကျလာမယ့် ဆေးစက်တွေလို ဖြစ်သွားအောင်ပေါ့။

နောက်ပြီး ဟောဒီ ဆောင်းနှေလယ်ခင်းဟာ သူရောက်လာတဲ့အတွက် တစ်ကမ္ဘာလုံးမှာရှိတဲ့ တိတ်ဆိတ်မှုတွေကို ခေါ်ထားပြီး ဟောဒီ အိမ်ခန်းကလေးထဲမှာ ကျပ်ကျပ်တည်းတည်း ကျွန်တော်တို့ အရေပြားတွေနဲ့ ထိစပ်နေကာ ကျွန်တော်တို့ လှုပ်ရှားပြောဆိုသမျှ ငတ်ငတ်မွတ်မွတ်နဲ့ စားသောက်ပစ်ကြမယ့် တိရစ္ဆာန်တွေလို ကျွန်တော့်အိမ်ခန်းထဲမှာ ရောက်နေတယ်လို့ ကျွန်တော် ခံစားနေရတယ်။

သူကလည်း အဲဒီအခြေအနေကို သဘောကျဟန် မတူပါဘူး။ ဒီလိုနေရတာ သူ့အတွက် အသက်ရှူကျပ်နေသလို ဖြစ်နေမှာ အမှန်ပဲ။ ဒါပေမယ့် ဒီအခြေအနေကို ဖျက်ဆီးဖို့ သူ ကြိုးစားတာလည်း မအောင်မြင်ပြန်ဘူး။ ဘာလိုချင်တာလဲ၊ ကျွန်တော်ကပဲ စမေးလိုက်ပြီး ဒီအခြေအနေကို အခန်းထဲက တိတ်ဆိတ်မှုကို မောင်းထုတ်လိုက်လျှင် ကောင်းမလား။ အို… ဒါပေမယ့် ကျွန်တော်ဟာ အလျှင်တုန်းကလို တုံးတုံးအအ နှစ်ဆယ့်တစ်နှစ်သား ကလေးမှ မဟုတ်တော့တာ။

သူ ရုတ်တရက် ထငိုလိုက်လျှင်ရောလို့ ကျွန်တော် တွေးမိတော့ ထိတ်လန့်သွားတယ်။ တကယ်တော့ သူ့မျက်ရည်ကို ကျွန်တော် မမြင်ဖူးဘူး။ သူဆီက ကျွန်တော် ရယ်သံ၊ လှောင်သံတွေကိုပဲ မြင်ခဲ့ရတာ၊ သူငိုမယ်ဆိုလျှင်… ကျွန်တော် တွေးရင်းနဲ့ ထိတ်လန့်ရင်းနဲ့ သူ့ကို တဖြည်းဖြည်း ဒေါသထွက်လာတယ်၊ နာကြည်းလာတယ်၊ ရွံရှာလာတယ်။ နှစ်အတော်ကြာ ကွယ်ပျောက်နေတဲ့၊ ဘယ်လိုမှ မမှတ်မိတော့တဲ့ ခံစားမှုတွေဟာ မယုံနိုင်စရာ ထုထည်နဲ့ တဒင်္ဂအတွင်း ကျွန်တော့် သွေးဆဲလ်တွေထဲကို တိုးဝှေ့လို့ လာနေတယ်။ အဲဒီစိတ်နဲ့ သူ့မျက်နှာကို လှမ်းငေးမိတော့ အို… သူ့ကို မုန်းလိုက်တာ။

"နင် Master တန်း ထပ်တက်နေတယ်ဆို… "

mgyoe.com

mgyoe.com

''သေချာတာပေါ့…''

''နင် အသစ်တစ်ယောက် တွေ့နေပြီ ထင်တယ်…''

''တော်စမ်း မွန်၊ ငါက ပင်းရဲ့ကျွန် မဟုတ်ဘူး''

အားနဲ့ အော်လိုက်တဲ့အသံကြောင့်၊ ကျွန်တော့် အပြောင်းအလဲကြောင့် အံ့သြသွားပုံရတယ်။ ဖွင့်ထားတဲ့ လက်ထဲကစာအုပ်ကို ဆောင့်ခနဲ ယောင်ပိတ်လိုက်ပြီး သေချာတဲ့မျက်ဝန်းနဲ့ ကျွန်တော့်ကို လှမ်းကြည့်တယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ဒေါသ၊ မာနမျက်လုံးတွေနဲ့ ဘယ်မှာ ကြာကြာ ဆိုက်ကြည့်မှာလဲ။ သူ ခေါင်းကို ငုံ့သွားတာပါပဲ။

''နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလားဟယ်…''

''ဘာ… စိတ်ဆိုးနေတုန်းပဲလား ဟုတ်လား''

စကားဆုံးတော့ ကျွန်တော် အော်ရယ်လိုက်ပါတယ်။ ပထမတော့ လုပ်ပြီးရယ်တာပါ။ ဒါပေမယ့် ဘယ်လိုက ဘယ်လို ဖြစ်တယ်ရယ် မသိဘူး ကျွန်တော့်ရယ်သံတွေကို ရပ်လို့မရတော့ဘူး။ ဟား… ဟား… ဟား။

ရယ်သံတစ်ခုကို လိုက်ဖမ်းရင်း နောက်ထပ်ရယ်သံတစ်ခုက ထွက်လာရင်း နောက်ဆုံး ရယ်သံတွေ ဆုံးသွားတော့ ကျွန်တော် မောနေတာပဲ။ အားတွေလည်း ကုန်သွားသလိုပဲ၊ လက်တွေဘာတွေ တုန်ယင်လာတယ်။ သက်ပြင်းရှိုက် အားတင်းရင်း သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်တော့ သူဟာ ယုန်ကလေးတစ်ကောင်၊ ရူးခံရတော့မယ့်ဆဲဆဲ ပန်းတစ်ပွင့်၊ အရောင်ပြယ်စ သက်တံ၊ အရုဏ်တက်လာကာစ လမင်း၊ လေပြည် ကြောက်နေတဲ့ ရော်ရွက်…။

''စိတ်ဆိုးနေတာ မဟုတ်ဘူး၊ နာကြည်းတာ နာကြည်းတာ မိမွန်ရဲ့…''

စိတ်ဆိုးနေတာ မဟုတ်ဘူးဆိုတဲ့ နေရာမှာ ဆုတောင်းတစ်ခုကို ရွတ်သလို ကျွန်တော့်လေသံက သဲ့သဲ့ပေမယ့် နာကြည်းတာဆိုတဲ့ စကားလည်း ပြောရော တစ်လောကလုံးက တိရစ္ဆာန်တွေ လန့်ပြေးတဲ့ ခြင်္သေ့သံလိုပဲ ဟိန်းသွားတာ။ ပြီးတော့ ကြောက်လန့်နေတဲ့ သူ့ရဲ့ လက်မောင်းကိုလည်း ဆွဲယမ်းခါပစ်လိုက်သေးတယ်။ ပက်လက်ကုလားထိုင်ပေါ်ကနေ

mgyoe.com

mgyoe.com

ကျွန်တော် ဆတ်ခနဲ ထတယ်။

သူက...

''ကိုရဲ... ''

လို့ အထိတ်တလန့် ရေရွတ်တယ်။ ကျွန်တော့်ရင်ဟာ ဒေါသနဲ့ ဖိုလှိုက်နေတယ်။ သူ့မျက်ဝန်းတွေက ဖြူးဖွေးနေတယ်။

ကျွန်တော် သရုပ်ဆောင်နေတာ မဟုတ်တော့ဘူး။ အမေ့ ခံထားတာ ကြာပြီဖြစ်တဲ့ ငတ်ပြတ်နေပုံရတဲ့ သားရဲတိရစ္ဆာန်တွေလို ကနထဲ ကျွန်တော် ကျုံကျသွားခဲ့တာ။

''မခေါ်နဲ့၊ မင်း ငါ့ကို ဘယ်တော့မှ ကိုရဲလို့ မခေါ်နဲ့လေ၊ ငါဟာ မင်းကျွေးနေတဲ့ အဲဒီအစာကို အငမ်းမရစားခဲ့ဖူးတဲ့ သတ္တဝါ တစ်ကောင် မဟုတ်တော့ဘူး၊ ကောင်းမြတ်ဆိုတဲ့လူကို မင်းက 'မောင်'လို့ ခေါ်တဲ့လူက မင်းနှုတ်ခမ်းနှစ်စကို ကွေးချသွားခဲ့ပြီ မဟုတ်လား၊ အဲဒီ နှုတ်ခမ်းမျိုးကို အရောင်တင်ပြီး ငါ့နာမည်ကို မလှောင်ချင်စမ်းပါနဲ့ ငါရှက်တယ် မိမ္မွန်''

''အဲဒါတွေကို ပြောမနေပါနဲ့''

''အိုးဟိုး... အဲဒါတွေတဲ့လား... ဟုတ်တယ်၊ ပြောရမှာပေါ့၊ မင်းဟာ ငါ့အချစ်ဦးလေ၊ သူငယ်ချင်းတစ်နှစ်ဖြစ်ပြီးမှ ချစ်ရတဲ့ အချစ်ဦး လေ၊ ငါ့ရဲ့ ပထမဆုံးပုံပြင်၊ ပထမဆုံး ရင်ရိပ်၊ ပထမဆုံး အနှိပ်ခွက်၊ ငါ့အရှက်ရဲ့ နာမည်လေ၊ မင်းကို ဒီစကားတွေမှမပြောရရင် ငါ အသက် ရှင်နေတာရဲ့ အဓိပ္ပာယ်ဟာ ဘာတဲ့လဲ''

ကျွန်တော့်ခန္ဓာကိုယ်ထဲက သွေးကြောတွေဟာ ပိုင်နှစ်ဂါလံ လောက် သောက်ထားတဲ့အတိုင်းပဲ။ သူနဲ့ကွဲပြီးတဲ့ သုံးနှစ်အတွင်း စာအုပ် တွေထဲက၊ ဟိုက ဒီက၊ လူမှုဆက်ဆံရေးက ရလာတဲ့ အတွေးစိတ် အခြေအနေ ရင့်ကျက်မှု ဘာတစ်မှ ကျွန်တော့်ဆီမှာ မရှိတော့ဘူး။

ကျွန်တော် သတိမရှိတော့တဲ့ သုံးနှစ် တက္ကသိုလ်ပုံရိပ်တွေဟာ ချက်ချင်း ကျွန်တော့်ရှေ့ ဘွားခနဲရောက်လာပြီး နှုတ်ခမ်းနီနဲ့ ဦးနှောက် တစ်ခြမ်းကို အနုကြမ်း စီးပစ်လိုက်တာပဲ။

သူနဲ့ကျွန်တော်ဟာ သူငယ်ချင်း တစ်နှစ်၊ ချစ်သူ တစ်နှစ်

mgyoe.com

mgyoe.com

ဖြစ်ခဲ့ဖူးတယ်။ သူ့ကို ကျွန်တော် တစ်ခါမှ မနမ်းဖူးဘူး၊ သူ့လက်ကို ဆူးလေကားလမ်းအကူးမှာ တစ်ခါ၊ အမြန်ကားပေါ်က အဆင်းမှာ တစ်ခါ နှစ်ခါတိတိသာ ကိုင်ခဲ့ဖူးတယ်။ သူဟာ ပန်းတွေကို အပိုင်စားရတဲ့ ဖလော်ရာနတ်မင်းရဲ့သမီး၊ ကျွန်တော့်ရင်ခုန်သံ ပိုးအိမ်၊ ကျွန်တော့်ကဗျာရဲ့ ဒီဖိုင်း၊ ကျွန်တော် မှိုင်းမိနေတဲ့ မီးတောက်။

ကျွန်တော်နဲ့ ချစ်သူတွေ ဖြစ်နေတဲ့ကာလကတည်းက သူ့ကို ကောင်းမြတ်ဆိုတဲ့ ဘောင်းဘီဖင်ကျပ်နဲ့ကောင်က လိုက်တယ်။ ကျွန်တော်နဲ့ ချစ်သူဆိုတာကို သိလျက်နဲ့ ကျွန်တော်နဲ့ခင်အောင် သူငယ်ချင်းလာလုပ်တယ်။ ချစ်သူနဲ့ အတူနေတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားကလေးကမှ စိတ်မဝင်စားတန်ဖူးလို့ ကျွန်တော် ထင်ခဲ့တာ။ ဘာမှ ကတိစကား ဆန်းဆန်းပြားပြား မရှိပေမယ့် သူမရဲ့ဟန်အမူအရာကို ယုံခဲ့တာ၊ ကျွန်တော် မှားတာပဲ။ ကျွန်တော်နဲ့ ချစ်နေတာ သိလျက်နဲ့ ကောင်းမြတ်က သူ့ကို ဖွင့်ပြောခဲ့တယ်။ သူက စဉ်းစားပါရစေဦးတဲ့...။ ကျွန်တော်ဟာ သူ့ကို ဘယ်လောက်ယုံခဲ့သလဲဆိုရင် အဲဒီအခြေအနေရောက်မှ ကျွန်တော် သိတယ်။

ကောင်းမြတ်နဲ့ ရှင်းကြတော့ ချစ်သူရှိတယ်ဆိုတာကို သိလျက်နဲ့ မွန်မွန့်ကို မေ့လို့မရအောင် စွဲလမ်းခဲ့ရတာ ကျွန်တော့်မေတ္တာအစစ်ပါ၊ ကိုရဲကလည်း မွန့်ကို ဆိုင်ရုံပဲ မဟုတ်လား၊ မွန် ဆုံးဖြတ်ပါစေတဲ့။

ကဲ... ဘယ်လို ကျွန်တော် ကြေကွဲခဲ့ရသလဲ။

''ကိုရဲရယ်... ဒေါသကြီးလိုက်တာ၊ အေးလေ... မွန် အားလုံးကို တောင်းပန်ပါတယ်၊ မွန်တို့လည်း ကလေးမှ မဟုတ်တော့ဘဲ၊ တကယ်ဆိုရင်...''

''ဒီမှာ မရွှေမိမွန်၊ လူမဆန်အောင် ကျူးလွန်ခဲ့တဲ့ ပြစ်ချက်တစ်ခုကို သုံးနှစ်ဆိုတဲ့ အသက်ကလေးနဲ့ မကာကွယ်ပါနဲ့၊ မင်းနဲ့ ကောင်းမြတ် အဓိပတိလမ်းမှာ ရယ်သံတွေ ထပ်နေခဲ့တဲ့အချိန်မှာ ငါဟာ သူငယ်ချင်း ကောင်မလေးတွေကြားမှာ ဘယ်လောက်များ ရှက်ရွံ့နာကျင်ခဲ့ရတယ် ထင်လဲ၊ ချစ်သူစစ်စစ်ကနေ ကောင်းမြတ်နဲ့အတူတူ မင်းရဲ့အဖြေကို ပြန်မျှော်လင့်ခဲ့တဲ့ ငါ့လုပ်ရပ်ကို သူတို့က ချီးကျူးကြ၊ ငါ့ကို လှောင်ပြီး

mgyoe.com

mgyoe.com
ကောင်းမြတ်ကို မောင်လို့ ခေါ်ခဲ့တဲ့ မင်းနဲ့ သူငယ်ချင်းအဖြစ်က ရပ်စဲလိုက်ကြ၊ သူတို့က ငါ့ကို ဘာပြောကြတယ် ထင်သလဲ၊ သနားတယ်တဲ့… သနားတယ်တဲ့၊ အဲဒီစကားတစ်လုံးနဲ့ မင်း လောင်ရယ်သံတွေအဆုံးမှာ ငါဟာ နှမြောဖို့ကောင်းတဲ့ စာသင်နှစ်တစ်နှစ် ဆုံးရှုံးခဲ့ရ၊ အိပ်မရတဲ့ ညတွေ ထပ်ထားရင်း ပြုံလဲကျတော့မလောက်ရ၊ ရူးသွပ် အရက်သောက် ပေါက်ကွဲ၊ အိမ်ကလည်း ငါ့ကို မုန်းတီး၊ အရှုံးတွေ၊ အရှက်တွေကြား မှာ ငါ့အသက်ဟာ ငွေ့ငွေ့ကလေးပဲ ကျန်ခဲ့တယ်''

တိုးလိုက်၊ ကျယ်လိုက်၊ မဲလိုက် ရွဲ့လိုက် လှုပ်လိုက် ရှားလိုက်၊ စကားတွေနဲ့ လှုပ်ရှားမှုတွေကို သူက ငေးကြည့်နေတယ်။ သူ့မျက်ဝန်း တွေထဲမှာ ငြိုးရည်ရိပ်တွေ ဖိတ်လှဲ့လာပါတယ်။ သူ သက်ပြင်းချကာ လမ်းမကို ငေးတုန်းမှာ ကျွန်တော်က မောသွားလို့ စီးကရက်တစ်လိပ်ကို အငမ်းမရ ဖွာရှိုက်နေလိုက်မိတယ်။ သူ့နှာသီးဖျားကလေး ရဲလာလေ သလား၊ သူ့ နှုတ်ခမ်းတွေက ပန်းနုရောင်နှုတ်ခမ်းနီစ ခြောက်သွေ့သွေ့နှင့် တင်းပြည့်နေတာပဲ။ ကျွန်တော်မြတ်နိုးရတဲ့ ဆံပင်တွေကလည်း မြစ် တစ်စင်းလို နက်မှောင်တောက်ပလို့။

သူဟာ ကျွန်တော့် ချစ်သူဟောင်း။ ကျွန်တော် တောင့်တခဲ့ ဖူးတဲ့ အိပ်မက်။ အခုတော့ ကျွန်တော့်လက်တစ်ကမ်းက ပန်းပွင့်ကလေး။ ညာတံ အခွာခံလိုက်ရတဲ့ ပန်းပွင့်ကလေး။ ရန့်ကလေးတွေ ပြယ်စလား၊ ဝတ်ရည်တွေ ပိုးထိခဲ့သလား၊ ပါးပြင်ပေါ်က သွေးကြောစိမ်းကလေးတွေ ထဲမှာ အနမ်းတစ်သိန်းလောက်များ ထင်ခဲ့ပြီးပလား၊ သွားစမ်း။

''ဟုတ်တယ်၊ မွန်ဟာ မိန်းမရိုင်းပါ၊ သစ္စာမဲ့သူပါ၊ သူ့ကို စော်ကားခဲ့သူပါ၊ တကယ်တော့ မွန်ဟာ ကောင်းမြတ်ကိုလဲ အသေအချာ မချစ်ခဲ့ပါဘူး သူ့ကို… ''

''ဟိုး… ဟိုး ရှေ့မဆက်ပါနဲ့ မမွန်မွန်သော်ရယ်၊ အပြင် ထောင့်တစ်ထောင့်ဟာ အတွင်းထောင့် နှစ်ထောင့်ပေါင်းခြင်းနဲ့တော့ ညီရပေလိမ့်မယ်ပေါ့၊ ဒီအချိန်မှာ ငါရယ်၊ ကောင်းမြတ်ရယ်၊ ဖြစ်ခဲ့တဲ့ အခြေအနေရယ်အရ နှုတ်ချလိုက်ရင် မင်းပြောမယ့်စကားဟာ အများကြီး သဘာဝကျပါရဲ့၊ ဟုတ်တယ်… မင်းဟာ မိန်းမရိုင်း၊ သစ္စာမဲ့သူ၊
mgyoe.com

mgyoe.com
ဒါပဲလား… ငါဆက်ပြောမယ် မင်းဟာ အရက်မရှိတဲ့ မိန်းမ''

သူ ငိုချလိုက်လေမလား၊ သူ မျက်ဝန်းတွေ ဆတ်ခနဲ မာသွားပြီး ချက်ချင်းလွင့်ပြယ်သွားတာတော့ တွေ့လိုက်ရတယ်။

ကျွန်တော် ဒီစကားကို တမင်ပြောတာပါ။ သူ မျက်တောင်တွေကို တဖျပ်ဖျပ်ခတ်နေတယ်။ သူ ငိုနေရမယ်။ ဟုတ်တယ်လေ ငိုရမှာပေါ့၊ လွန်ခဲ့တဲ့သုံးနှစ်က ကျွန်တော်တွေးထားတဲ့ စကားတွေ ကုန်ပြီလား၊ မကုန်သေးဘူးလားတော့ မသိဘူး၊ ကျွန်တော်ကတော့ ကျေနပ်သွားပြီ။

ထိုင်ခုံပေါ်မှာ တင်ပျဉ်လွှဲထိုင်နေတဲ့ သူ့ကို ငေးကြည့်လိုက်တော့ ကျွန်တော့်ရင်က ခုန်လာတော့တာပဲ။ ငါ ခွင့်လွှတ်တယ်၊ ဒါပေမယ့် မင်း မသိနဲ့ဦးလေ။ တကယ်တော့ ကျွန်တော့် မသိစိတ်က သုံးနှစ်လုံးလုံး သူ့ကို စောင့်နေခဲ့တာပါ။ တစ်ခါမုန်းပြီးမှ ပြန်ပွင့်ထွက်လာတဲ့ အချစ်ဟာ ဘယ်လောက်များ နားလည်မှုတွေများပြီး ရင်ရဲ့ ရိုးရာဘေးမှာ ဘယ်လိုများ မေတ္တာတေးလှလှတွေ ဖွဲ့သီမှာတဲ့လဲ…။

မင်းငိုချလိုက်ပါတော့။ အခုတော့ ဟောဒီ အခန်းကလေးထဲမှာ တိတ်ဆိတ်မှုနဲ့ ငါဟာ မင်းမျက်ရည်ကိုသာ ငတ်မွတ် မျှော်လင့်နေပေ့။ ငါ ခွင့်လွှတ်ခဲ့တာတွေကို သိလာအောင် ငါ့မေတ္တာအစစ်တွေကို မြင်လာအောင် မင်းကို ဟန်ဆောင်လှည့်စားသွားတဲ့ ကောင်းမြတ်ကို ငါ ကျေးဇူးတင်ပါတယ်။ မင်း ငါ့ဆီလာတယ်ဆိုကတည်းက မျက်ရည်နည်းနည်းတော့ ပါလာရဲ့ မဟုတ်လား။

သူက ခေါင်းငုံ့ထားလျက်က နားထင်အစပ်က ဝဲကျနေတဲ့ ဆံပင်တွေကို အသာကလေး လက်နဲ့ ဖယ်ပါတယ်။ ပြီးတော့ သက်ပြင်းရှိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်ကို နိုးကြည့်တယ်၊ ဒီတစ်ခါတော့ လှစ်ခနဲနေအောင် နိုးကြည့်တာ မဟုတ်တော့ပါဘူး။ ပြီးတော့ နှုတ်ခမ်းပြည့်ပြည့်ကလေးကို ဖိကိုက်လိုက်တယ်။

''ငါ ပြောခဲ့ဖူးတယ်…မှတ်မိတယ်၊ အဲဒီနေ့က ငါ့အသံတွေ တုန်လို့၊ မင်းနဲ့ နောက်ဆုံးတွေ့ခဲ့ဖူးတဲ့နေ့လေ… မင်း တကယ်လို့ ကောင်းမြတ်ကိုပဲ ရွေးချယ်ခဲ့မယ်ဆိုရင်လဲ မင်းကို ငါက အချစ်ဦးမို့

mgyoe.com

mgyee.com

မေ့လို့ရမှာ မဟုတ်ဘူးလို့… ကောင်းမြတ်ကများ မင်းအပေါ် ရက်စက်သွားခဲ့ရင် ငါ မင်းကို မျှော်နေပါရစေလို့… မင်းက ရယ်တယ်လေ… အသံနုကလေးတွေနဲ့ ဟုတ်တယ်နော်… အခုတော့ ငါ ရယ်ပါရစေ၊ အဲဒီစကားကို ငါ အားလုံးရုပ်သိမ်းတယ်၊ မထင်မှတ်ဘဲ ငါ တွက်ထားတာထက် မင်းပေးဆပ်ရတာ များသွားခဲ့တယ်၊ တခြားတစ်ယောက်ရဲ့ ရင်ခွင်မှာ သုံးနှစ်လုံးလုံး စင်တင်လာခဲ့တဲ့ မင်းကို ငါ ခွင့်လွှတ်မှု တစ်ခုတည်းနဲ့တော့ မဖြစ်နိုင်တော့ဘူး၊ မင်းကို ငါ ပြန်မချစ်နိုင်ဘူး၊ မင်း ပြန်ပါ…''

''ကိုရဲထင်တာတွေချည်းပဲ စွပ်စွဲမနေပါနဲ့၊ မွန်ဟာ အချစ်တစ်ခုအတွက် ဘယ်တော့မှ ဘဝကို အလုယူခံမယ့် မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊ ကိုရဲဟာ အရူးပဲ၊ ကိုရဲကို မွန် နားလည်ပါတယ်၊ ဒါပေမယ့် ကိုရဲက ကိုယ်ထင်တာချည်းပဲ ကိုယ်ပြောနေခဲ့တယ်''

''ဘာ…ငါထင်တာတွေ ဟုတ်လား၊ ဟား…ဟား…ဟုတ်ပါပြီ ငါဟာ အရူးပဲ ထားလိုက်ပါတော့… ဒါပေမယ့် မင်းကို လွယ်လွယ်နဲ့ ပြန်ချစ်လာမယ့် အရူးတော့ မဟုတ်ဘူး မိမွန်''

စကားဆုံးတော့ သူက ဒေါသနဲ့ကြည့်ပြီး နှုတ်ခမ်းတွေကို ဖိကိုက်ပစ်လိုက်ပါတယ်။ မကြားချင်ဘူးတဲ့။ အော်တာတော့ မဟုတ်ပါဘူး။ သူ ငိုဖို့ လိုပါတယ်။

ကျွန်တော့်စကားတွေက နပိုလီယံ စစ်တိုက်သလိုပဲ၊ လိုချင်တာ ရအောင်လုပ်ဖို့အတွက် နောက်ထပ် အရက်ထပ်ငှဲ့ပေးလိုက်တဲ့ လက်တွေလိုပဲ၊ သူ ငိုတော့မှာပါ။ စဉ်းစားစမ်းလေ… ကျွန်တော်ဟာ ဒီအဖြစ်နဲ့ ဘယ်စကားမျိုး ထပ်ပြောလျှင် သူ ငိုမလဲလို့တော့ တွေးတတ်နေပါပြီ။ သူကလည်း ဒီမျက်ရည်ဆိုတာကို နောက်ဆုံးလက်နက်လို လျှို့ဝှက်ထားလေရဲ့။ သူ့ မျက်နှာက ဟိုတစ်ဖက်ကို လှည့်သွားပါတယ်။

သူငိုတာကို ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး။ အခုကတည်းက ခွင့်လွှတ်ပြီးသား နှလုံးသားဟာ သူ့ငိုသံကို ကြားရလျှင် ကျွန်တော် ထင်ထားတာထက် နူးညံ့သွားမှာ သေချာတယ်၊ ကျွန်တော် တွေးထားတာထက် ကြီးမြတ်တဲ့ ခွင့်လွှတ်မှုကလည်း သူ့အလိုလို ရောက်လာမှာပါပဲ။

mgyoe.com

မွှန်မွှန်သော် မင်းဝိုလိုက်လေ။ အပြင်မှာ ပန်းဖူးတွေအားလုံး မင်းဝိုသံကို စုရုံး စောင့်နေကြလေရဲ့။

ငါ မင်းကို ထွေးပွေ့မယ်၊ မင်းဝိုသံတွေကို နားထောင်ပြီး နောက်ဆုံး ရှိုက်သံအဖျားအထိ ငါ့နှလုံးသားကို အသွားခိုင်းမယ်၊ သုံးနှစ် စလုံး အသုံးချခွင့် မရခဲ့တဲ့ နှလုံးသားကို လက်စားချေတဲ့အနေနဲ့ မင်း နှဖူးက ဆံစနုလေးတွေကို နမ်းမယ်၊ ပြီးတော့ အိပ်မက်ထဲမှာ အထပ်ထပ် ပြင်ထားတဲ့ ပြဇာတ်တစ်ပုဒ်ကို ငါ့ဘဝတစ်လျှောက်လုံး မင်းကို ကပြပါ့မယ်၊ မင်း ငိုတော့မယ် မဟုတ်လား…။

ကျွန်တော် အတွေးနဲ့ ငေးကြည့်နေမိတဲ့ သူဟာ ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့တဲ့ ကျွန်တော့်ရဲ့မေတ္တာတွေကို အပြည့်အဝ တပ်ဆင် ထားလေရဲ့။ သူက မျက်နှာကို ဟိုဘက်လှည့်နေတော့ ကုပ်ပေါ်ကို ဝဲကျနေတဲ့ ဆံပင်ရှည်တွေကို ငေးရင်း သူ ငိုနေပြီလားလို့ တွေးနေမိ တယ်။ သူ့ပခုံးစွန်းလေးတောင်မှ လှုပ်လာသလိုပဲ။

သူက ကျွန်တော့်ဘက်ကို ဆတ်ခနဲ လှည့်ကြည့်တယ်၊ ဟင်… သူ ငိုမှမငိုဘဲ၊ မျက်ဝန်းတွေကလည်း ကြည်လင်လို့၊ ပြီးတော့ ခုံပေါ်မှာ ချထားတဲ့ မိကျောင်းသားရေ ပိုက်ဆံအိတ်အောက်က စာအုပ်ကို ဆွဲယူ လိုက်ပြီး…

သူ ထပြန်တော့မှာလား…၊ ကျွန်တော့်ရင်ဟာ ဖျတ်ခနဲ ဟာသွား ပြီး ကျွန်တော် ဆတ်ခနဲ မတ်တတ်ရပ်လိုက်မိတယ်။

သူ့ကို ဆွဲထားဖို့…။ ဒါပေမယ့် သူကပါ ကျွန်တော်နဲ့အတူတူ ထရပ်လိုက်ပြီး စာအုပ်ထဲက တစ်ခုခု ထုတ်ပေးတယ်။

"ရော့… "တဲ့။

ကျွန်တော်လည်း ကြောင်အမ်းပြီး ယူလိုက်မိတယ်၊

"ဘာလဲ…ဘာလဲ မိမွှန်"

ကျွန်တော် ကမန်းကတန်းမေးတော့ သူက ဘယ်လိုမှ ထင်မထား တဲ့ အပြုံးကို ပြုံးပြီး…

"ဖိတ်စာပါ ကိုရဲရယ်…၊ မွှန် ကိုရဲကို တောင်းပန်ပါတယ် နော်… မွှန် ကိုရဲကို တကယ်ခင်ပါတယ်၊ တကယ်ပါ…သွားမယ်နော်"

mgyoe.com

mgyoe.com

ကျွန်တော် ဘာတွေမှ မတွေးမိတော့ဘူး။ ဘယ်လိုဖြစ်တာလဲ၊ မင်း ငိုရမယ်လေ၊ ငါ မင်းကို ခွင့်လွှတ်တယ်လေ မိမွန်၊ စာအိတ်ကို ဖွင့်ကြည့်တော့ ရွှေရောင်ဖောင်းကြွစာလုံး။ မောင်စိုးနိုင် (သင့်မိတ်ဆွေ ရတနာလုပ်ငန်း၊ သဃ်န်းကျွန်းဈေး)၊ မမွန်မွန်သော် M.Sc (Maths)။

ကျွန်တော် အိမ်ပေါ်က ဝုန်းခနဲ ပြေးဆင်းသွားမိသည်။ ရင်ထဲမှာ ဘာမှ မရှိတော့သလိုပဲ။ လမ်းမရောက်တော့ သူက ဆိုက်ကားပေါ် ရောက်နေပြီ။ ဆိုက်ကားက ထွက်ခါစ။

ကျွန်တော် မွန်…လို့ အော်မိတယ် ထင်တာပဲ။ သူက ဆံပင် တွေကို ဝဲသွားအောင် လက်နဲ့ သိမ်းတင်လိုက်ပြီး ကျွန်တော့်ကို လှမ်းရယ် ပြပြီး လက်လှမ်းပြတယ်။ ပြီးတော့…

''ဆက်ဆက်လာခဲ့နော်…''တဲ့။


သူ ဝေးသွားတယ်၊ ကျွန်တော့်အနားက ဘတ်(စ်)ကားတစ်စီး ဝေါခနဲ ပြေးဆင်းသွားတယ်။ အိမ်နံ့ဘေးက လက်ဖက်ရည်ဆိုင်က ညနေစဝင်ပြီမို့ ကက်ဆက် စဖွင့်တယ်။

လမ်းမပေါ်မှာ ပါးစပ်အဟောင်းသား၊ ဖိတ်စာတစ်စောင်၊ ရှုးကြောင်ကြောင် ခန္ဓာကိုယ်တစ်ခုနဲ့ လိုက်ဖက်ထောင့်တစ်ခုရဲ့ ဒီဂရီ များတဲ့ အိပ်မက်တစ်ခု၊ ဗဟုသုတ သိပ်နည်းပါးတဲ့ ဦးခေါင်း၊ ကျွန်တော် အလောင်းအစားတစ်ခုရဲ့ တင်ထားခဲ့တဲ့ ကြွေးဟာ…။

(၁၉၉၃၊ ငပြီ၊ ဟန်သစ်)

✿✿✿

mgyoe.com




# လှည့်စားချက်နှင့် လှည့်စားခြင်း

mgyoe.com
mgyoe.com

mgyoe.com

# လှည့်စားချက်နှင့် လှည့်စားခြင်း

mgyoe.com

mgyoe.com

သုံးထပ်တိုက်၏ အပေါ်ဆုံးထပ်တွင်နေသော မိန်းကလေး တစ်ယောက်၏ အပျင်းဖြေ၊ အပန်းဖြေစရာ အကောင်းဆုံးနေရာသည် အိမ်ရှေ့ကော်ရစ်တာပင် ဖြစ်သည်ဆိုတာကို သူမ သိခဲ့တာ ကြာခဲ့ပြီ။ ထိုနေ့က သူမ နေ့ခင်း (၃)နာရီခန့်မှ အိပ်ရာက နိုးလာသည်။ သူမမျက်ခွံများက လေးလံကာ သူမတစ်ကိုယ်လုံး ညောင်းညာနေသော်လည်း အိပ်ချင်စိတ်က သူမထံမှာ လုံးလုံးမရှိတော့။ ရင်ဘတ်ပေါ်က ကျောင်းစာအုပ်ကို သိမ်းကာ သူမ အခန်းထဲက ထွက်ခဲ့တော့ ကြီးမေသည် ညနေထမင်းအိုးအတွက် ပြင်ဆင်နေသည်။

ကော်ရစ်တာကို သူမ ထွက်ရပ်တော့ သူမအောက်မှ ၃၃ လမ်းသည် ငြိမ်သက်နေတုန်းပင်ဖြစ်သည်။ သူမ၏ဆံပင်တွေ ယိမ်းလှုပ်သွားအောင် ဇာက်ကြောများကို လှည့်ခါကာ အကြောအချင်တွေ လျော့သွားအောင် အားရပါးရ သန်းဝေလိုက်သောကြောင့် သူမမျက်ဝန်း

mgyoe.com

mgyoe.com
အိမ်ထဲသို့ မျက်ရည်ကြည်ဖွေ တက်လာသဖြင့် သူမမြင်သမျှသည် ခေတ္တမှုန်ဝါး၍ သွားသည်။

မမှာရုံရှေ့က နေရာကလေးတွင် ကပ်၍ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်တွင် လူလေးငါးယောက် ထိုင်နေကြသည်။ သူမ ကော်ရစ်တာအောက်တည့်တည့်တွင် ကားအမိုး သုံးလေးခုနှင့် လက်ဖက်ရည်ဆိုင် စားပွဲအစွန်းတစ်ခု ရှိသည်။ ထိုစားပွဲအစွန်းတွင် လက်တစ်ဖက် ထွက်နေသည်။ တော်တော်ညစ်ပတ်နေသော ယောကျ်ားတစ်ယောက်၏ လက်တစ်ဖက်ဖြစ်သည်။ သူမ ဓမ္မာရုံကလေးပေါ်က ထိုင်နေသူတွေဆီ လှမ်းကြည့်တော့ ဓမ္မာရုံ၏ ပိတ်ထားသော သံတံခါးအရှေ့မှ ခုံတွင် အသက် ၄၀ ကျော် လူသုံးဦး ထိုင်စကားပြောနေပြီး လက်ဖက်ရည်ဆိုင်၏ တစ်ခုတည်းသော မှန်ဗီရိုသေးသေးလေး နံဘေးတွင် လူတစ်ယောက် ထိုင်နေသည်။

ထိုင်နေသည်ဆိုခြင်းထက် လက်ဝါးလောက်သာရှိသည့် စာရွက်ကလေးတစ်ရွက်ကို ငုံ့ကိုင်ကာ ဖတ်နေခြင်းသာ ဖြစ်လေသည်။ ငုံ့ကိုင်း၍ထားသော ပခုံးလက်မောင်းနှင့် မျက်နှာတစ်ခုလုံး ထိုလက်ဝါးလောက်သာသာ စာရွက်ကလေးထဲသို့ ကျုံ့ဝင်သွားတော့မလိုလို ရှိလေသည်။ အိပ်ရာမှထကာစ ထုံထိုင်းလေးပင်နေသော သူမစိတ်တွေထဲမှာ ဗထမဦးဆုံးအကြိမ် ပျော်ရွှင်စွာ ရယ်ချင်စိတ်ကလေး ဖြစ်လာခဲ့သည်။

''လေးထန်ကုန်းဆိုတာ နင်တို့လမ်းထဲမှာနော်၊ နင်တို့အခန်းနဲ့ နီးသလား၊ ဆိုင်ဘယ်လိုလဲဟ''

''မျက်စောင်းထိုးလောက်မှာ၊ အလကား...ဆိုင်ကသေးသေးကလေးရယ်၊ ဓမ္မာရုံကို ကပ်ဖွင့်တာ၊ ထိုင်တဲ့လူတွေကလည်း အသက်ကြီးကြီးတွေပါဟာ...''

''မဂ္ဂဇင်းထဲမှာတော့ ခဏခဏပါတာပဲ၊ အဲဒီမှာ ကဗျာဆရာတွေ၊ စာရေးဆရာတွေ ထိုင်တာဆို...''

''ပြောတာပါပဲ၊ အလကားပါဟာ... စာရေးဆရာတွေလည်း တချို့က ဆံပင်ရှည်တွေနဲ့၊ ဒါပေမယ့် ဘယ်တော့မှ သပ်သပ်ရပ်ရပ် မရှိဘူး၊ နှုတ်ခမ်းမွှေးလည်း မရိတ်ကြဘူးဟ... စကားပြောနေတာပါပဲ၊

mgyoe.com

mgyoe.com

ပျင်းစရာကြီး၊ တစ်ခါတစ်ခါကျတော့လည်း စားပွဲတစ်လုံးမှာ လူနှစ်ဆယ် လောက်အုံပြီး ဘယ်တွေပြောနေမှန်း မသိဘူး၊ ရယ်ရတယ်ဟ၊ တချို့ကျ တော့လည်း ငိုင်နေတာပါပဲ''

စပ်စုတတ်သော နန္ဒာသည် ထိုတစ်ကြိမ်မှလွဲ၍ သူမကို လေထန် ကုန်းအကြောင်း မမေးတော့ပေ။ လေကလေးတိုက်လာသဖြင့် သူမ နည်းနည်းလန်းဆန်းသွားသည်။ နန္ဒာ ပိုစိတ်ပျက်သွားအောင် တစ်နေ့ လောက် အိမ်ကို ခေါ်လာပြီး ကော်ရစ်တာက ပြဦးမှပဲဟု သူမတွေးရင်း ငေးစရာမရှိသဖြင့် ဓမ္မာရုံအပေါ်ပိုင်းများသို့ မျက်စိ ပြန်ရောက်သွားပြန်သည်။ ထိုအခါ စာရွက်ကို ငုံ့ကိုင်းကာ မလှုပ်မယှက်ဖတ်နေသည့် သူ့ကို ထိုအတိုင်းပင် ထပ်တွေ့ပြန်သည်။

သူမစိတ်ထဲမှာ အတော်ရယ်ချင်သွားမိသည်။ လက်ဖဝါးလောက် စာရွက်ကလေးထဲမှာ စာက ဘယ်လောက်များလို့ ဒီလောက်အကြာကြီး ဖတ်နေရမှာလဲ။ ပြီးတော့ ဘယ်လောက် အရေးကြီးတဲ့စာမို့ ဒီလို မလှုပ် မယှက် ဖတ်နေရတာလဲ။ သူက သူမနှင့် ဘေးတစ်စောင်းဖြစ်သည်။ ခပ်တိုတိုညှပ်ထားသည့် ဆံပင်နှင့် အင်္ကျီအဖြူကို လက်ခေါက်ပတ်ထား သည်။ ပုဆိုးက အပြာနုစိပ် ခပ်နွမ်းနွမ်းနှင့် လျော့ရဲရဲ လွယ်အိတ်ကြိုးပြား ကို ပခုံးပေါ်မှာ တွေ့ရသည်။ သူမ ငေးနေသည့်အချိန်အထိပင် ထိုလူက မလှုပ်မယှက်ပင် ရှိသေးသည်။

အခုအချိန်ကနေစပြီး အမှတ်စဉ် စရေမယ်။ သုံးဆယ်အထိ ဒီလူ စာဖတ်တာ မရပ်ဘူးဆိုရင် ငါ စာမေးပွဲမှာ ကွာလီဖိုင်းဝင်မယ်ဟု အလောင်းအစားလုပ်ကာ သူမ တစ် နှစ် သုံး လေး…မှန်မှန်စရေသည်။ သို့သော် အမှတ်စဉ် ငါးဆယ့်ရှစ်အထိ ထိုလူက စာရွက်ကို သဲသဲမဲမဲ ဖတ်နေသည့်အခါ သူမ စိတ်တိုသွားသည်။ သူမ၏စိတ်ကူး ပျက်သွား သလို ဖြစ်သွားသည်။ ဘာမို့ ဒီလောက် အသဲအမဲနိုင်နေရတာလဲဟု ပထမဦးဆုံး စပ်စုချင်စိတ် ဖြစ်လာစဉ်တွင် စာရွက်ကလေးမှ မျက်နှာကို ခွာသည်။ ခပ်စောင်းစောင်းအနေအထားမှ အတန်ငယ်ဘေးသို့ လှည့်ကြည့် သည်။

ထိုလူ၏မျက်နှာသည် သူမ,သိသော လူတစ်ယောက်၏ မျက်နှာ

mgyoe.com

mgyoe.com

မဟုတ်ပါ။ သို့သော် သူမရင်သည် ထိတ်ခနဲခုန်ကာ တုန်လှုပ်သွားခဲ့သည်ကိုတော့ အသေအချာ သိလိုက်ပါသည်။ ထိုသူ့မျက်နှာပေါ်မှ သူမ တုန်လှုပ်သွားရသောအရာမှာ နှုတ်ခမ်းတစ်စုံပင် ဖြစ်လေသည်။ ယခင်က သူမယံတွင် ဘယ်လိုနှုတ်ခမ်းမျိုးကို သဘောကျ နှစ်သက်သည်ဟူ၍ သတ်မှတ်စံထားခဲ့ဖူးခြင်းမျိုး မရှိခဲ့ပါ။ ယောက်ျားကလေးတစ်ယောက်ကို တွေ့သည့်အခါမျိုးတွင် နှုတ်ခမ်းများကို ရွေးချယ်စိတ်ဝင်စားခြင်းမျိုးလည်း တစ်ကြိမ်မှ မရှိခဲ့ဖူးပါ။

တစ်ဖက်သို့ ပြန်မလှည့်ရသေးသော ထိုလူ၏နှုတ်ခမ်းများကို ဒုတိယအကြိမ် စိုက်ငေးကြည့်မိသောအခါ သူမရင်သည် ထိန်းမရအောင် ခုန်လာလေသည်။ သူမတစ်ကိုယ်လုံး ဖိန်းရှိန်းကာ ထူပူလာသည်။ အိပ်ခန်းထဲသို့ ရောက်မှပင် ဝရန်တာမှာ တုန်လှုပ်စွာ ပြေးဝင်လာမိသည့်အဖြစ်ကို သူမ အံ့သြစွာသိရှိလိုက်ရလေသည်။ အိပ်ခန်းတံခါးပေါင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း တုန်လှုပ်မောပန်းနေသော သူမရင်ကို အံ့သြစွာ ထိန်းသိမ်းနေစဉ် ကြီးမေက…

''ဟဲ့…ဘာဖြစ်နေတာလဲ''ဟု လှမ်းအော်မေးသည်ကို ကြားရသည်။ သူမ အခန်းထဲကို ပြေးဝင်ခဲ့တာလား။ သို့သော် မမှတ်မိတော့။ မောပန်းတုန်လှုပ်နေသောရင်ကို ထိန်းကာ…

''ဘာမှ…မဖြစ်ပါဘူး''ဟူသည့် စကားကို ခက်ခက်ခဲခဲ ကြိုးစားပြီး ကြီးမေကို ပြန်ဖြေရသည်။ ပြီးတော့ ဝရန်တာကို ကြောက်မက်ဖွယ်ကောင်းသည့် နေရာတစ်နေရာလို အသာကလေး ခိုးကြည့်နေမိသည်။

မကြောက်ပါဘူး၊ ဘာလို့ ကြောက်ရမှာလဲ။ သူမကိုယ် သူမ ခိုင်ခိုင်မာမာ ငြင်းဆန်ဖို့အတွက် ဝရန်တာကို ဒုတိယအကြိမ် ပြန်ထွက်ဖို့ ကြိုးစားကြည့်မိသည်။ သို့သော် စဉ်းစားရုံမျှနှင့်ပင် သူမရင်တွေ တဆတ်ဆတ် ခုန်လာပြန်သည်။ သူမသည် မေမေပြောသည့်အတိုင်း ခေါင်းမာသည်။ တရှူးထိုးမိန်းမတစ်ယောက်သာ ဖြစ်သည်။ အိမ်ခန်းတံခါးပေါင်ကို အားရပါးရ တစ်ချက်ဆုပ်ကိုင်လိုက်ကာ ဝရန်တာကို သူမ ပြန်ထွက်လာစဉ် သူမ၏ လက်တွေက အေးစက်၍နေလေသည်။

တစ်ဖက်လမ်းရှိ တိုက်ခန်းတစ်ခန်း၏ ပြတင်းပေါက်ကို စိုက်

mgyoe.com

mgyoe.com

ကြည့်ကာ ဝရန်တာလက်ရန်းကို ကိုင်ဆုပ်မိသည်အထိ သူမ လျှောက်လာခဲ့သည်။ ဝရန်တာလက်ရန်းသည် သူမလက်အတွင်းသို့ ရောက်ရှိလာတော့မှ အားရှိသွားကာ လှမ်းကြည့်လိုက်တော့ သူ့ကို မတွေ့ရတော့ချေ။

✿

ထိုနေ့နေ့ခင်းသည် သူမ အိပ်ချင်လျက်နှင့် မအိပ်ခဲ့သော ပထမဦးဆုံး နေ့ခင်းတစ်ခုဖြစ်သည်။ ဝရန်တာမှာရပ်ကာ လေထန်ကုန်း ထိုင်ခုံများကို ငေးနေမိသည်။ သူ့ကို မတွေ့ရသေး။ သူမ ဝရန်တာ အောက်က ကားလမ်းနံဘေးမှာလည်း ထိုင်ခုံကလေးတွေ ရှိသေးသည်။ အဲဒီထိုင်ခုံတွေမှာများ ရောက်နေမည်လား။ သို့သော် သူလာလျှင် မနေ့က ခုံမှာပဲ ထိုင်လိမ့်မည်ဟု သူမက ထင်သည်။

လူတစ်ယောက်မျှ ထိုင်မနေဘဲ ရေနွေးကြမ်းအိုး တစ်အိုးနှင့် ပက်လက်လန်နေသော ရေနွေးခွက် တစ်ခွက်သာရှိသည့် သက်မဲ့ထိုင်ခုံ တစ်လုံးသည်။ သူမကို ရင်ခုန်အောင် လုပ်နေသည်ဆိုတာ တော်တော့်ကို မဖြစ်သင့်တဲ့ကိစ္စပဲဟု သူမ တွေးနေမိသည်။

သူမ အကြိမ်ပေါင်းများစွာ ထိုကော်ရစ်တာတွင် မတ်တတ် ထွက်ရပ်ကာ ငေးမောခဲ့ဖူးသော်လည်း ဒီတစ်ကြိမ် မတ်တတ်ထွက်ရပ် ရတာ မလုံမခြုံ ဖြစ်၍နေသေးသည်။ သူမကို တစ်ယောက်ယောက်ကများ သတိထားမိသွားမည်လားဟု တွေးကာ မည်သူမှမရှိသည့် အခြားတိုက်

mgyoe.com

mgyoe.com
များ။ ကော်ရစ်တာများကို ခဏခဏ လှမ်းကြည့်တတ်သည်။ ကော်ရစ်တာ တစ်ခု၏ လက်တန်းတွင် ကြောင်တစ်ကောင် အိပ်ပျော်၍နေသည်။

သူမစိတ်ထဲမှာ ချက်ချင်း အကြံတစ်ခုရသွားကာ အိမ်ထဲ ပြေးဝင်ပြီး ဖလှယ်ရမည့်အဝတ်ပုံထဲတွင် ခွေအိပ်နေသော ဂျက်မကို မွေ့ချိကာ ကြိမ်ကုလားထိုင်ကလေးကိုပါ ယူလာခဲ့သည်။ ကြိမ်ကုလားထိုင်ခုံ အဝိုင်းကလေးပေါ်တွင် ထိုင်ကာ ဂျက်မကို ပေါင်ပေါ်တင်ထားရင်း ပွတ်သပ်ပေးနေမိသည်။ ဂျက်မက အံ့ဩသလို သူမကို ကြည့်နေကာ မိုန်းနေသည်။ ဟောဒီဝရန်တာ သံတိုင်အကြားထဲကဆိုလျှင် သူမအတွက် အတော်အဆင်ပြေ လုံခြုံသွားပြီဖြစ်လေသည်။ ထိုစဉ်မှာပင် ဓမ္မာရုံ၏ ပိတ်စေ့ထားသော သံတံခါးရှေ့တွင် သူ့ကို ရင်ခုန်ဖွယ်ရာ တွေ့လိုက်ရလေသည်။

ဒီတစ်ကြိမ်တော့ သူ့မျက်နှာသည် သူမဘက်သို့ လှည့်လျက်ရှိသည်။ သို့သော် သူမက အမြင့်ရှိ ကော်ရစ်တာတွင် ထိုင်နေခြင်းဖြစ်သည့်အတွက် သူက သူမကို မမြင်နိုင်ပါ။ သူ့မျက်လုံးများသည် ရှေ့တည့်တည့်သို့သာ ကြည့်လျက်ရှိသည်။ သူ့နှုတ်ခမ်းများကို မြင်ရလျှင် သူမရင်သည် ခုန်၍ခုန်၍ လာနေသော်လည်း မနေ့ကလို အခန်းထဲ ပြေးဝင်ရလောက်အောင် သတိလက်လွတ်မှုမျိုးကိုတော့ သူမ ထိန်းချုပ်နိုင်ခဲ့သည်။

သူမ,မသိစိတ်ထဲတွင် နှုတ်ခမ်းတစ်စုံကို သဘောကျဖို့ ရှိခဲ့သည်ဆိုလျှင် ထိုနှုတ်ခမ်းတစ်စုံ၏ ပုံသဏ္ဍာန်သည် သူ့နှုတ်ခမ်းအတိုင်းသာဖြစ်ပေလိမ့်မည်။ သူ့နှုတ်ခမ်းတွင် တွမ်ခရုလို ပါးလျပြီး သေးသွယ်ရှည်လျားသည့် နှုတ်ခမ်းမျိုးလည်း မဟုတ်။ ရစ်ချပ်ဂရီလို နှုတ်ခမ်းသား တင်းတင်းပြည့်ပြည့်မျိုးလည်း မဟုတ်ချေ။ သူ့နှုတ်ခမ်းများ ဘယ်ရုပ်ရှင်မင်းသားတစ်ယောက်၏ နှုတ်ခမ်းမျှ မဟုတ်ခဲ့သလို သူမသိခဲ့သော ဘယ်နှုတ်ခမ်းမျိုးနှင့်မျှလည်း မတူချေ။ သူ့နှုတ်ခမ်းများတွင် ထူးခြားမှုဟူ၍ ဘာမှရှာမတွေ့သည့်တိုင် ထိုနှုတ်ခမ်းမျိုးကို သူမစွဲလမ်းတတ်သည်မှာတော့ အတော့်ကို သေချာလေသည်။

သူမသည် ဂျက်မ၏လည်ပင်းမှ အမွေးနုကလေးများကို ဆုပ်ကိုင်ထားကာ သူ့နှုတ်ခမ်းများကို ငေးမောနေမိသည်။ သူ့နှုတ်ခမ်းတွေကို ငေးမောသည့်အခါမျိုးတွင် သူမလက်ထဲတွင် တစ်ခုခုကို ဆိုင်ကိုင်ထားရ

mgyoe.com

mgyoe.com
မှသာ သူမ ငေးမောနိုင်သည်ကို နောင်ကျမှ သူမ သိခဲ့ရသည်။ သူမ ဝရန်တာသံတိုင်များအကြားမှ ငေးမောနေစဉ် သူ့ခုံကို လူတစ်ယောက် ဝင်ထိုင်သည်။ အသားညိုညို ဆံပင်ကတုံးဆံတောက်နှင့် အသက် ၅၀ ခန့် ရှိမည်ထင်သည်။

ထိုလူသည် သူ့မိတ်ဆွေ ဖြစ်ဟန်တူ၏။ ရယ်ရယ်မောမော စကားပြောသည်ကို သူမ တွေ့ရသည်။ သူ့နှုတ်ခမ်းများသည် ရယ်မောလိုက်လျှင် ပို၍ လှမသွားသော်လည်း သူမကတော့ သဘောကျသည်သာ ဖြစ်သည်။ ခဏကြာတော့ သူက ခုံမှထသည်။ ထို့နောက် သူမကို ကျောခိုင်းကာ လမ်းလျှောက်ထွက်သွားသော သူ့ကို ဝမ်းနည်းစွာ ငေးမော ကြည့်နေခဲ့မိသည်။

✿

အခုတော့ သူမ သူ့ကို စောင့်ငေးကြည့်ခဲ့သော ဆယ့်ရှစ်ရက်မြောက်သောနေ့သာ ဖြစ်သည်။ ထိုဆယ့်ရှစ်ရက်အတွင်းမှာ သူက လေထန်ကုန်းကို လေးကြိမ်တိတိ လာခဲ့သည်။ သူကတော့ သူ့ကို စောင့်ငေးကြည့်နေသည့် အသားဖြူဖြူ မိန်းကလေးတစ်ယောက် ရှိသည် ဆိုတာကို လုံးဝ မသိပုံရလေသည်။ သူ ထိုင်ခုံကလေးမှာ စထိုင်သည့် အချိန်မှ ထပြန်သွားတတ်သည့် အချိန်အထိ သူမ စောင့်ကြည့်ခဲ့သော်လည်း သူမနှင့်သူသည် မျက်ဝန်းခြင်းဆုံခဲ့ဖူးတာ တစ်ကြိမ်မှမရှိခဲ့။ သူသည် ထိုလေးရက်စလုံးတွင် တစ်ကြိမ်မှ သူ့အပေါ်ကို မော့မကြည့်ခဲ့ချေ။

သူ့ဦးခေါင်းပေါ်တွင် တိုက်ခန်းများရှိပြီး တိုက်ခန်းများရှေ့တွင် ကော်ရစ်တာများရှိကာ ထိုကော်ရစ်တာတွင် မိန်းကလေးတွေ ထွက်ရပ်ကြည့်ငေးတတ်သည်ကို သူ တစ်ခါမှ မော့ကြည့်ချင်စိတ် မရှိဘူးလား။ သူဟာ ကဗျာဆရာတစ်ယောက်လား။ ဒါမှမဟုတ် ဝတ္ထုရေးဆရာ တစ်ယောက်လား။ သူဟာ သူမထက် အသက် (၂)နှစ်လောက် မကြီးဘူးလား။ (သူမ ချစ်သူထားမည်ဆိုလျှင် သူမထက် (၂)နှစ်လောက်ကြီးသည့် လူကို ထားချင်ခဲ့သည်) သူက စာရေးဆရာဆိုလျှင် သူ့ကလောင်နာမည်က

mgyoe.com

mgyee.com

ဘာလဲ။ သူ့မှာ ရည်းစားရှိသလား။ ဒါမှမဟုတ် ရှိခဲ့ဖူးသလား။ သူဟာ ဖြူဖြူနုနု စကားပြောလျှင် တိုးတိုးလေးပြောတတ်ပြီး တစ်ခါတစ်ရံ ဂျင်းဘောင်းဘီနက်ပြာ ဝတ်တတ်သည့် ကောင်မလေးမျိုးကို စိတ်ဝင်စားတတ်သလား။ သူထိုင်နေသည့်အခါမျိုးမှာ ဘာတွေကို တွေးနေတတ်သည်လဲ။

သူမသည် သူ့ကို ကြည့်ငေးရင်းက သိချင်သည်များကို မေးနေမိသည်။ သူက ပြုံးပြီး စကားပြန်ပြောသည်။ သူမကိုတော့ မဟုတ်။ သူနှင့် တစ်ခုံတည်းထိုင်သည့် သူ့မိတ်ဆွေလူကြီးကို ဖြစ်သည်။ အခု သူ့နုတ်ခမ်းတွေကို ငေးရသည်မှာ အရင်တုန်းကလောက် မတုန်လှုပ်တော့တဲ့ တုန်လှုပ်သည့်နေရာတွင် ပျော်ရွှင်ကျေနပ်မှုက ဝင်ရောက်လာသည်။ သို့သော် ပျော်ရွှင်မှုက အဆုံးစွန်အထိတော့ မဟုတ်။ သူက သူမကို မော့ကြည့်လျှင် သူမနှင့် သူ မျက်ဝန်းချင်းဆုံခွင့်ရလျှင် သူက သူမအပေါ်မှ ငေးမောနေသည်ကို သိရှိသွားလျှင် ပိုကောင်းလိမ့်မည်ဟု သူမက ထင်လေသည်။

''အဲဒါ…ငါ ဘယ်လိုလုပ်ရမလဲ မနန္ဒာရယ်…နင်ကလည်း အကြံလေး ဘာလေး ပေးစမ်းပါဦး''

''လုံဝမော့မကြည့်ဘူး…ဟုတ်လား၊ အခု မကြည့်လည်း နောက်တော့ ကြည့်မှာပေါ့ဟာ…ဒါမှမဟုတ် အောက်ကို ဆင်းသွားပြီး သူမြင်တဲ့နေရာက ဖြတ်လျှောက်ကြည့်ပါလား''

''ဟာ…မဖြစ်ဘူး၊ ကြောက်တယ်ဟ၊ သူမော့ကြည့်ဖြစ်ဖို့က မလွယ်ဘူး၊ ယောကျ်ားလေးတစ်ယောက်ဟာ တစ်လမှာ တစ်ကြိမ်လောက်တော့ အပေါ်ကို မော့ကြည့်သင့်တာပေါ့နော်၊ အဲဒီထက်ကောင်းတဲ့အကြံ ပေးကွာ…''

နန္ဒာပေးသည့်အကြံတွေက သူမနှင့် သိပ်အဆင်မပြေ။ သုံးထပ်ဝရန်တာက ထွက်ပြီး လက်ဖက်ရည်မှာဖို့၊ မျက်နှာချင်းဆိုင်တိုက်က အသိတစ်ယောက်ကို လှမ်းခေါ်ဖို့နှင့် ဝရန်တာမှ တစ်ခုခု အောက်သို့ လွှတ်ချဖို့တွေဖြစ်သည်။ ထိုအချက်တွေအားလုံးကို သူမ တစ်ခုမှ မလုပ်နိုင်ဆိုတာကို သူမသာ သိသည်။ မိန်းမပျိုလေးတစ်ယောက်အဖို့ ကိုယ်

mgyee.com

mgyoe.com
သဘောကျသည့် ယောကျာ်းလေးတစ်ယောက်နှင့် မျက်ဝန်းချင်းဆုံဖို့ ဆိုတာ တော်တော်မလွယ်သည့် ကိစ္စပါလားဆိုတာ သူမ အသေအချာ သဘောပေါက်သွားခဲ့လေသည်။

သူမ စောင့်ငေးကြည့်ခဲ့သည့် အတွေ့အကြုံအရဆိုလျှင် သူသည် လက်ဖက်ရည်ဆိုင်အရှေ့မှ ဖြတ်လျှောက်တတ်သည့် မိန်းကလေးလှလှ များကို လိုက်ကြည့်တတ်သည့် လူတစ်ယောက် မဟုတ်ချေ။ ဘယ်သူတွေ လိုက်ကြည့်တတ်သည်ဆိုတာကို သူမ အမြဲတမ်း မြင်နေရသော်လည်း သူကတော့ ဘယ်တော့မှ မကြည့်တတ်ချေ။ သူသည် စကားပြော နည်းသော်လည်း ပြောသည့်အခါတွင် ပြုံး၍နေတတ်သည်။ လက်ဖက်ရည် ဆိုင် ထိုင်သည့်အခါတွင် ဘလက်ကော်ဖီနှင့် စီးကရက်တစ်လိပ်ကို သောက်တတ်သည်။ စကားပြောမည့်သူ၏ တစ်ဦးတည်းသောမိတ်ဆွေ မလာလျှင် မဂ္ဂဇင်းတစ်စောင်ကို လွယ်အိတ်ထဲမှထုတ်ကာ သဲကြီးမဲကြီး ဖတ်တတ်ခြင်းတို့ပင် ဖြစ်လေသည်။ ထိုအချက်ကို သူမ စိတ်အပျက်ဆုံး ပင် ဖြစ်သည်။ ခေါင်းငုံ့၍ စာဖတ်နေသည့် လူတစ်ယောက်သည် ဦးခေါင်း ကို မော့ကာ ကြည့်ဖို့ လုံးဝမဖြစ်နိုင်တော့ဘူး မဟုတ်လား။

✿

mgyoe.com

mgyoe.com

သူ့ကို သူမ ငေးမောခဲ့တာ ဟစ်လနှင့် ရှစ်ရက်အကြာတွင် သူနှင့် ပထမဦးဆုံးအကြိမ် မျက်ဝန်းချင်း ဆုံခဲ့လေသည်။ သူမက ကော်ရစ်တာမှာ လက်ထောက်ကာရပ်၍ တခြားတစ်ဖက်သို့ ငေးနေခဲ့သည်။ (သူ မော့မကြည့်ဟု ထင်၍ဖြစ်သည်)။ မျှော်လင့်မထားဘဲနှင့် သူ့ဘက်သို့ လှည့်ကြည့်သည့်အချိန်တွင် သူမကို မော့ကာ ငေးနေသော သူ့ကို အံ့သြဖွယ်ကောင်းစွာ တွေ့ခဲ့ရလေသည်။

သူမနှင့် သူ မျက်ဝန်းခြင်းဆုံတွေ့ချိန်သည် စက္ကန့်တံ တစ်ချက်ခုန်စာမျှပင် ရှိခဲ့သော်လည်း သူကတော့ သူမကို ထိုထက်ကြာကြာ ငေးမောမိသည်မှာ သေချာပါသည်။ သူမနှင့် မျက်ဝန်းချင်း ဆုံဆုံချင်း သူက ရှက်သလို ကပျာကယာ တစ်ဖက်သို့ မျက်နှာလွှဲသည်။ သူမသည် အံ့သြဝမ်းသာ တုန်လှုပ်ပျော်ရွှင်နေသဖြင့် သူနှင့် အသေအချာ မျက်ဝန်းခြင်း မဆုံခဲ့ရ။

''မင်းနဲ့ တစ်ကြိမ် မျက်ဝန်းချင်းဆုံပြီးရင် နောက်တစ်ကြိမ် ထပ်ကြည့်မှာ သေချာတယ်ကွ၊ ယောကျ်ားလေးတွေက အဲဒီလိုပဲ''

...ဆိုသည့် နန္ဒာ့စကားသည် သွက်သွက်ခါအောင် မှားသွားလေသည်။ ထိုနေ့တစ်ကြိမ်သာ သူက သူမကို မော့ကြည့်ခဲ့သည်။ သူသည် သူမကို မော့မကြည့်တော့ဘဲ အရှေ့လမ်းမကိုသာ ငေးမောနေခဲ့သည်။ ထိုနေ့က သူ့မိတ်ဆွေလူကြီးလည်း မလာချေ။ သူ့အရှေ့မှာ ဂုလေးတစ်ယောက် ရေခဲမုန့်ကို လျှာနှင့် လျက်စားသွားသည်ကို သူ လိုက်လံငေးမောကာ ပြုံးနေခဲ့သည်ကိုလည်း သူမ တွေ့ခဲ့သည်။ သူဟာ ရေခဲမုန့်စားတတ်တဲ့ လူတွေကို စိတ်ဝင်စားတတ်သလားဟု သူမ တုံးအစွာ တွေးနေမိခဲ့သည်။

ကျောင်းက ပြန်ရောက်လာသည်နှင့် ရေချိုး၊ ထမင်းစား၊ စာကို ၁ နာရီခွဲထိ ကျက်ပြီးသည့်အချိန်တွင် သူမအလုပ်မှာ သူ၏ ဒုတိယအကြိမ် မော့အကြည့်ကို စောင့်ရခြင်းသာ ဖြစ်လေသည်။ သို့သော် ပထမအကြိမ်

mgyoe.com

mgyoe.com
သူနှင့် သူမ မျက်ဝန်းချင်း ဆုံပြီးသည့်နေ့မှစ၍ လေးရက်တိတိ သူ လေထန်ကုန်းသို့ မလာ။ ငါးရက်မြောက်နေ့တွင် လာသည်။ သို့သော် တစ်ကြိမ်မှ မော့မကြည့်။ ခြောက်ရက်မြောက်၊ ခုနစ်ရက်မြောက်၊ ရှစ်ရက်မြောက်နေ့တွင် သူ လာသည်။ ထိုနေ့တွင် သူမနှင့်ပင် ပထမအကြိမ်ထက် ကြာစွာ မျက်ဝန်းချင်း ဆုံမိခဲ့ကြသည်။ ထို့နောက် သူကပင်စ၍ မျက်လွှာချကာ ခေါင်းကို ငုံ့သွားသည်။ သူ ရင်တွေဘာတွေ ခုန်သွားသလားကွယ်။

သူနှင့် မျက်ဝန်းချင်း ဆုံပြီးနောက် သူမသည် သူ့နှုတ်ခမ်းများထက် သူ့မျက်ဝန်းများကို ပို၍ မက်မောသွားမိသည်မှာ အမှန်ပင် ဖြစ်သည်။ ဒီနေ့ သူလာလျှင် သူ့အရှေ့မှ ဖြတ်လျှောက်ကာ ရေခဲမုန့် တစ်ခွက်ကို ဝယ်စားခဲ့ပြီး သူ့အရှေ့မှ ပြန်လည် ဖြတ်လျှောက်လာမည်ဟု စိတ်ကူးထားခဲ့သည်။ သို့သော် ထိုနေ့က သူ ရောက်မလာခဲ့။

သူရောက်နေတာကို မြင်တော့ သူမ ရင်တွေခုန်ကာ အိပ်ခန်း ထဲက မှန်တင်ခုံပေါ်ကို အပြေးလာပြီး မျက်နှာကို ပေါင်ဒါ တစ်ချက် နှစ်ချက်ရိုက်သည်။ ပြီးတော့ ပန်းနုရောင် အင်္ကျီလက်ပြတ်နှင့် ထဘီလေးကို လဲသည်။ ပိုက်ဆံတစ်ဆယ်ကို ကိုင်ကာ လှေကားမှ ဆင်းလာသည့်အခါ ရင်ခုန်လွန်းသဖြင့် သူမ ခန္ဓာကိုယ်မှာ ပေါ့လုပ်၍နေပြီး ငါ လှမှလှရဲ့လားဟု သံသယဖြစ်မိလေသည်။ လမ်းမကို ငေးနေသော သူ့ရှေ့က ဖြတ်ရသည့် အချိန်သည် သူမအတွက် အတုန်လှုပ်ရဆုံးနှင့် ကြောက်ရွံ့ဖို့ အကောင်းဆုံး ပင်ဖြစ်သည်။ သူက သူမကို ကျိန်းသေမြင်မှာပဲ ဆိုသည့်အတွေးဖြင့် သူမ တဒိတ်ဒိတ် သွေးတိုးနေခဲ့သည်။

အပြန်ကျတော့ ရေခဲမုန့်ထက် သူမ၏ လက်ဖဝါးတွေက ပိုပြီး အေးစက်နေကြသည်။ အားကုန်နေသူလို ဒူးတွေလဲ တုန်ယင်နေခဲ့သည်။ သူ့အရှေ့ ရောက်၍ လှစ်ခနဲ ခိုးကြည့်မိသည့်အခါတွင် သူမရင်သည် ခုန်ရလွန်းသဖြင့် ပုံသဏ္ဍာန် မမှန်ချင်တော့။ သို့သော် သူက စာအုပ် တစ်အုပ်ကို ငုံ့ကိုင်းကာ ဖတ်နေခဲ့သည်။

ဒေါသတကြီး သူမ ရေခဲမုန့်ကို အမှိုက်ပုံးထဲလွှင့်ပစ်ကာ အိပ်ရာ ထဲ ပြေးဝင်လာခဲ့သည်။ သူမရင်သည် ဖိုလှိုက်၍နေသည်။ ဒေါသသည် တိုးဆောင့်နေသော သူမခန္ဓာကိုယ်ထဲမှ သွေးထဲတွင် ဟိုဒီ လျှောက်ပြေး

mgyoe.com

mgyoe.com

လွှားရှိနေသည်။ သူမ အံ့ကို ကြိတ်ကာ သူ့ကို မုန်းတီးစိတ် ပထမဆုံး ဝင်လာခဲ့သည်။

"မကြည့်တော့ဘူး၊ ရှင့်ကို ဘယ်တော့မှ မကြည့်တော့ဘူး မှတ်" သူမ အသံထွက်အောင်ပင် ပြောချလိုက်ကာ ညနေစောင်းသည့် အထိ အခန်းထဲက မထွက်တော့။

မေမေပြန်လာ၍ အခန်းထဲက ထွက်ခဲ့သောအခါ သူလည်း ပြန်လောက်ပြီ အထင်နှင့် ကော်ရစ်တာကို ထွက်ခဲ့တော့ သူ့ကို ထူးဆန်းစွာ တွေ့ရသည်။ ယခင်ကဆိုလျှင် သူက ငါးနာရီခွဲလောက်ဆို ပြန်တတ်သည် မဟုတ်လား။ သူမ စိတ်ဆိုးမပြေသေးသည့်ဒေါသနှင့် သူ့ကို ကြည့်နေတုန်း သူက မတ်တတ်ထရပ်ကာ လွယ်အိတ်ကို ပြင်လွယ်ရင်း သူမရှိရာ ကော်ရစ်တာကို လှမ်းကြည့်ကာ သူမကို အားရပါးရ ပြုံးပြပြီး ထွက်သွား လေသည်။

"အဲဒါ နင့်ကို လှောင်သွားတာ မပန်းရဲ့၊ နင့်ကို ချိုးသွားတာ"

နန္ဒာက ဒေါသတကြီး သူမကို ပြောသော်လည်း သူမကတော့ ဒီလိုမထင်ပါ။ ဒါ... သူ တကယ်ပြုံးပြသွားတာ၊ သူ့အပြုံးမှာ အဲဒီလို ယုတ်မာတဲ့သဘော လုံးဝမပါဘူးဆိုတာကို သူမ အသေအချာပြောရဲသည်။

"သူက စာရေးဆရာဟ...၊ ငါ ကလောင်နာမည်တောင်မှ သိခဲ့ပြီးပြီ"

"ဘယ်သူလဲ၊ ဘယ်လိုလုပ်သိလဲ"

"ငါနဲ့ နည်းနည်းခင်တဲ့ စာရေးဆရာမတစ်ယောက် ရှိတယ်၊ သူမလာတဲ့နေ့ ငါ ဆင်းမေးတာ၊ သူ့မိတ်ဆွေလူကြီးက ပန်းချီဆရာ ဟ..."

သူမက နန္ဒာအနားသို့ကပ်ကာ သူ့ကလောင်နာမည်ကို တိုးတိုး ကလေး ပြောပြသည်။ နန္ဒာက နှာခေါင်းကို ရှုံ့သည်။

"မကြားဖူးဘူး၊ လုံးဝ မကြားဖူးဘူး၊ နင် ပေါက်ကရ စိတ်ကူး ယဉ်နေတာတွေကို ရပ်လိုက်ပါတော့ မိပန်းရာ... စာရေးဆရာဆိုတာ တွေက မဂ္ဂဇင်းထဲပါလာရင် ရုပ်ဆိုးတာတွေချည်းပဲဟ၊ ပြီးတော့ ဘာတွေ ပြောမှန်းလည်း မသိဘူး၊ ဘာတွေရေးမှန်းလည်း မသိဘူး၊ စိတ်ရှုပ်တယ်

m.g.y.o.com
ဟာ... သူတို့က စာသိပ်ဖတ်တဲ့ မိန်းကလေးမျိုးမှ ချစ်တာတဲ့၊ ငါကြား ဖူးတယ်၊ နင်က ဘာစာတွေ ဖတ်ဖူးလို့လဲ''

နန္ဒာ့စကားဆုံးတော့ သူမက ရယ်နေလိုက်သည်။ တကယ် တော့ သူမသည် ဝတ္ထုတွေဘာတွေ သိပ်ဖတ်သည့် မိန်းကလေးမဟုတ်။ နွေကျောင်းပိတ်၍ အရမ်းပျင်းသည့် အခါမျိုးတွင် ခပ်ပေါ့ပေါ့ဝတ္ထုမျိုးကို တစ်အုပ် နှစ်အုပ် ဖတ်တတ်သည်။ သူမတို့ ၃၃ လမ်းသည် စာပေလမ်း ဆိုသော်လည်း စာအုပ်အငှားဆိုင် တစ်ဆိုင်မှ မရှိ၍ တခြားလမ်းမှ သွားငှားဖတ်ရသည်။ မဂ္ဂဇင်းဆိုလျှင်လည်း အပျင်းပြေတော့ ဖတ်တတ် သည်။ သူမဘဝမှာ စာအုပ်ဆိုတာ တစ်ခါမှ မဝယ်ခဲ့ဘူး။ ဝယ်ရန်လည်း ဘာကိစ္စမှ မရှိခဲ့ချေ။

''စာပဲဟာ အခုဖတ် အခုရတာပေါ့၊ အခုဆို ငါ လစဉ်မဂ္ဂဇင်း တွေကို ပတ္တမြားငမောက်မှာ သွားသွားကြည့်တယ်ဟာ...ဒါပေမယ့် သူ့ဝတ္ထု၊ ကဗျာ ဘာမှ မပါပါဘူး၊ ပါရော ပါဖူးရဲ့လားတောင်မှ မသိဘူး''

''စာရူးပေရူး ထင်ပါတယ်ဟာ...မေ့ပစ်လိုက်''

ထိုအချိန်သည် သူနှင့် မျက်ဝန်းချင်း ငါးကြိမ်ဆုံကာ အပြုံး တစ်ခုကို သူ့ဆီမှ ရထားပြီးသားအချိန် ဖြစ်လေသည်။ သူ လေထန် ကုန်းကို မလာတာလည်း တစ်လကျော်သွားခဲ့ပြီ။ ထိုတစ်လအတွင်း သူမတို့ နောက်ဆုံးနှစ်စာမေးပွဲ ဖြေရသည်။ စာမေးပွဲရက်အတွင်းမှာတော့ သူမ ကော်ရစ်တာကို အတင်းမေ့ယူထားခဲ့ရသည်။ သူမ စာမေးပွဲကို ကောင်းစွာဖြေဆိုခဲ့ပြီး စာမေးပွဲအပြီး ၃ ရက်အကြာတွင် သူ့ကို သံပန်း တံခါးအရှေ့တွင် မြင်လိုက်ရတော့ သူမ အိပ်ခန်းထဲ ပြေးဝင်ခဲ့သည်။

ပန်းနုရောင် ထဘီကလေးကိုပင် ရွေးဝတ်ကာ ဆံုးဖြတ်ချက် ချပြီးသည့်တိုင်အောင် ရင်တွေ ခုန်၍နေခဲ့သည်။ မိကျောင်းသားရေ ပိုက်ဆံအိတ်ကလေးယူပြီး လှေကားက ဆင်းလာတော့ ယောင်မှားကာ ဆင်းနေကျ လှေကားကိုပင် တစ်ထစ်ကျော်ဆင်းမိ၍ ပြုတ်ကျမလို ဖြစ်သွားခဲ့ရသည်။

''ပေါင်မုန့်မီးကင် နှစ်ချပ်ပေးပါ၊ နိုနိုရဲရဲနော်''

သူမနှင့် သူ့အကြားတွင် ဓမ္မာရုံလှေကား သုံးထစ်သာ ခြားမိ

mgyo.com

mgyoe.com

သည်။ သူ၏ ပုဆိုးအောက်နားစကိုပင် သူမမျက်ဝန်းအစပ်မှာ မြင်နေခဲ့ရသည်။ နီနီရဲရဲဆိုသည့်စကားကို သူမ တမင်တကာ ပြောခဲ့ခြင်းဖြစ်သည်။ ထိုစကားသည် ထိုဝါကျအတွက် အပိုစကားသာ ဖြစ်သည်ဆိုတာကို စာရေးဆရာတစ်ယောက်ဆိုလျှင် သိဖို့ ကောင်းပါသည်။ သူမသည် မိကျောင်းသားရေ ပိုက်ဆံအိတ်ကလေးကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ သူ့အရှေ့နားမှာ ရပ်နေရင်း ငါ ကြိုးစားလို့ ရပ်မလားလို့ဟု တုန်လှုပ်စွာ တွေးနေမိသည်။

ဒါပေမယ့် ပေါင်မုန့်မီးကင်နှစ်ချပ် သူမလက်ထဲ ရောက်လာပြီးတော့ သူမသည် မယုံကြည်နိုင်ဖွယ်ရာသတ္တိတွေ ဝင်လာကာ သူ့ဘက်သို့ လှည့်ရင်း...

"စားပါဦးလား..."

ဟု ပြောကာ အားရပါးရ ပြုံးပြနိုင်ခဲ့သည်။

သူမ စကားဆုံးသည့်အထိ၊ သူမအပြုံးတို့ နှုတ်ခမ်းပေါ် မရပ်သိမ်းရသေးခင်အထိ သူက သူမကို အပြောင်းအလဲမရှိသော ခပ်တည်တည်မျက်ဝန်း (ထိုမျက်ဝန်းတွေက အရမ်းစိမ်းသည်)ဖြင့် ကြည့်နေခဲ့သည်ကို တွေ့ရသည်။ သူမစကား နှုတ်ခမ်းပေါ်က ထွက်ကျသွားပြီးဖြစ်သော်လည်း သူမအပြုံးများကတော့ တစ်ဝက်တစ်ပျက် ရပ်တန့်သွားကာ ချက်ချင်းဝမ်းနည်းလာကာ သူမ ချက်ချင်း ထိုနေရာမှ လှည့်ထွက်ခဲ့လေသည်။

ထိုပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်သည်လည်း အမှိုက်တောင်းထဲရောက်သွားကာ သူမ ခုတင်ပေါ်မှာ မှောက်လှဲချလိုက်ရင်း မျက်ဝန်းများကို မှိတ်ကာ ခုတင်ပေါ်မှာ ညဦးအထိ လှဲလျောင်း ငြိမ်သက်နေခဲ့လေသည်။

ထိုနေ့မှစ၍ သူမ ကော်ရစ်တာမှာ ဘယ်တော့မှထွက်မရပ်တော့။ သူ့ကို တွေ့ချင်မြင်ချင်စိတ်လည်း မရှိတော့ချေ။ အောင်စာရင်းများထွက်တော့ သူမ စာမေးပွဲအောင်သည်။ မေမေတို့ပြောထားသည့်စကားအတိုင်း ကိုထက်မောင်နှင့် စေ့စပ်လိုက်သည်၊ သူမသည် စေ့စပ်ပွဲနေ့ သူ့ကိုချည်း သတိရနေတတ်ကာ ငိုချင်နေမိသည်၊ သူလာရင် ကောင်းမှာပဲ ဟုလည်း ရူးကြောင်ကြောင် တွေးမိသေး၏။

mgyoe.com

mgyoe.com

အဲဒီနေ့က သူမ ပျင်းရိငြီးငွေ့စွာ အိပ်နေခဲ့ပြီး အိပ်ရာကနိုးတော့ ပတ္တမြားမောက်သို့ဆင်းကာ လစဉ်ထုတ်မဂ္ဂဇင်းများကို ရည်ရွယ်ချက်မဲ့ သွားလှန်နေမိလေသည်။ ထိုအချိန်တွင် သူမသည် သူ့ကို ကောင်းစွာ မေ့ထားနိုင်ခဲ့ပြီ ဖြစ်လေသည်။ မဂ္ဂဇင်းများကို လှန်လျှင် သူ့ကြောင့် မာတိကာများကို အရင်လှန်ကြည့်တတ်သည့် အကျင့်က ပါနေခဲ့သည်။

လှန်နေရင်း အမှတ်မထင် သူ့ကလောင်နာမည်ကို မဂ္ဂဇင်းတစ်ခုမှာ သွားတွေ့တော့ သူမရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။ သူမသည် စာအုပ်ကို ကမန်းကတမ်း ပိတ်လိုက်ကာ...

''ဒီစာအုပ်က ဘယ်လောက်လဲ''ဟု မေးမိသည်။

ခြောက်ဆယ်ဆိုသောငွေကို မနှောမြှောစွာ ချက်ချင်း ပြန်ယူပြီး သူမ ထိုမဂ္ဂဇင်းကို ဝယ်ခဲ့သည်။ သူမဘဝတွင် ပထမဦးဆုံးနှင့် နောက်ဆုံး မဂ္ဂဇင်းတစ်စောင်ကို ဝယ်ဖူးခြင်းလည်း ဖြစ်လေသည်။ အိပ်ခန်းထဲ တန်းဝင်ပြီး စာမျက်နှာ ၉၃ ကို ကမန်းကတန်းလှန်သည်။ 'သုံးဆယ့် သုံးလမ်းနှင့် ပန်းပွင့်'တဲ့။

ဘုရား...ဘုရား... သူ့နာမည်ကို သူ ဘယ်လိုလုပ် သိသွားပါလိမ့်။

ညနေရီ၏ ညိုရည်သန်းစပြုနေ ရောင်ခြည်သည် သူမအင်္ကျီပိုက်ကလေးနှင့် ရွှေရောင် ဝင်းနေသော လက်မောင်းကလေးအပေါ်တွင် အလျားလိုက် တွယ်ငြိလျက်ရှိသည်။ သူမ၏ မျက်ဝန်းများသည် မကြာသေးခင်က အိပ်ရေးဝခဲ့ဟန်တူသည်။ နွေလယ်အိပ်မက်၏ ခေတ္တချော့မြူခြင်းမှ လွတ်မြောက်လာကာစ ထိုမျက်ဝန်းအညိုရောင်များထဲတွင်...

သူမသည် တထိတ်ထိတ်ခုန်သော ရင်ဖြင့် စာလုံးများကို ကမန်းကတမ်း ဖတ်သွားမိသည်။ သူမသည် စာကို ဖတ်သည်နှင့် မတူတော့ဘဲ တစ်လုံးချင်း၊ တစ်ကြောင်းချင်းကို အငမ်းမရ မော့သောက် သလို ဖြစ်လာသည်။ သူမ အကြောအချင်တွေ တောင့်တင်းလာကာ ဒေါသသည် နှလုံးသားမှတစ်ဆင့် အသိဉာဏ်၊ အသိဉာဏ်မှတစ်ဆင့် သွေးကြောများထဲသို့ တရစပ်ဖြာကျလာလေသည်။

mgyoe.com

mgyoe.com

ကော်ရစ်တာတွင် ခဏတွေ့ရဖူးသည့် မိန်းကလေးတစ်ယောက်၏ မျက်ဝန်းများကို ဆုံဖို့ဆိုတာ လပြည့်ညကို စောင့်ရသည်ထက်ပင် ခက်သေး၏။ လပြည့်ညသည် အသေအချာ ကောင်းကင်ပေါ် ခုန်တက်လာနိုင်သော်လည်း ကော်ရစ်တာမှ မျက်ဝန်းများသည် ဘယ်တော့ ကျွန်တော့်ဘက် ဝေ့လည်လာမည်ဆိုသည်ကို...

ကျွန်တော်သည် မကြာခဏ သူမ ပွတ်သပ်ပေးနေသည့် ကြောင်ကလေး ဖြစ်ချင်သည်။ သူမ ပခုံးဦးစွန်းနှင့် ထိကပ်နေသော ပိန်းပန်းရွက်ကလေး ဖြစ်ချင်နေသည်...။ သူမက ကော်ရစ်တာ လက်ရန်းများပေါ်တွင်...

ကျွန်တော့်အချစ်က သူမအတွက်တော့ ရယ်စရာအကောင်းဆုံး စိတ်ဖြေနည်း တစ်ခုတော့ အနည်းဆုံး ဖြစ်နိုင်သည်။

သို့သော်...ကျွန်တော်သည်...

ကျွန်တော်သည် သူမကို ဘဝပေါင်းများစွာ မျှော်လင့်နေခွင့် ရှိပါသေးသည်။

အဆုံးသတ်စာသားများကို ဖတ်ပြီးသည့်အခါ ဒေါသနှင့် ဝမ်းနည်းခြင်းသည် သူမနှလုံးသားထဲတွင် တအားတိုးဝှေ့ပြည့်ဟီးနေလေသည်။ ဝုန်းခနဲ သူမ ကော်ရစ်တာကို ပြေးထွက်လာပြီး ကြည့်တော့ စာငုံ့ဖတ်နေသော သူ့ကို တွေ့နေကျနေရာတွင် တွေ့လိုက်ရသည်။ သူမ စာအုပ်ကို တင်းတင်းဆုပ်ကိုင်ကာ လှေကားထစ်များကို တမင်ခုန်ကျော်ချ၍ ဆင်းလာခဲ့သည်။

သူမကို မော့ကြည့်ကာ ကြောင်အမ်းနေသည့် သူ့မျက်နှာကို နာနာကြည်းကြည်း ကြည့်လိုက်ကာ လက်ထဲမှစာအုပ်နှင့် သူမက အားကုန်ပစ်ပေါက်လိုက်သည်။ သူမ ခုတင်ပေါ် ပြန်ပြေးတက်လာပြီး ခေါင်းအုံးကို ဖက်ကာ အားရပါးရ ငိုချလိုက်လေသည်။

(၁၉၉၄၊ ရွှေဝတ်မှုန်)

✿✿✿

mgyoe.com

mgyoe.com

# မြေးအဘိုးအော်ပရေးရှင်း



mgyoe.com

mgyoe.com

မြေးအပိုးအောင်ပရေးရှင်း

mgyoe.com

mgyoe.com

နေရောင်ခြည်သည် အိမ်ရှေ့နံဘေးရှိ ပိန္နဲရွက်များအကြားမှ ခုန်ချလာကာ ဝရံတာ သံဇကာများကို ပျော့အိနေအောင် ကြမ်းပြင်ပေါ်မှာ ဆွဲချထားပြီး လေတိုက်ခတ်သည့်အခါ ပိန္နဲရွက်များ ယိမ်းလှုပ်သွားလျှင် နေရောင်ခြည် အစက်အပြောက်ကလေးများ ပေါ်လိုက် ပျောက်လိုက် ခုန်ပေါက်နေကြသည်။ သူ့စိတ်ထဲက ရင်ခုန်သံလည်း ဝရံတာကြမ်းခင်း ပေါ်က နေရောင်ခြည်တွေလိုပင် တဆတ်ဆတ်တုန်ကာ ခုန်၍နေသည် ဟု သူထင်သည်။

သူ့စိတ်ထဲမှာ ကြောက်ရွံ့နေတာ မဟုတ်တောင်မှ စိတ်သည် ငြိမ်သက်မှုမရှိတာတော့ သေချာသည်။ မိသော်က ဝရံတာကို ကျောပေး ကာ ချထားသော ခုံတန်းရှည်ပေါ်တွင် ထဘီစများကို သေသေသပ်သပ် ဖြစ်အောင် ဖိကာ ပိပိပြားပြား ကျနွေ့ရရ ထိုင်နေသည်ကို သူ လှမ်းမြင် ရသည်။ မိသော်ရင်ထဲမှာလည်း သူ့လိုပင် ရင်ခုန်နေမှာ သေချာပါသည်။

mgyoe.com

mgyoe.com

သို့သော် အခု မိသော်ကို မြင်ရသည်မှာ ဘာမှမဖြစ်သလို မျက်လွှာများကို ချထားကာ အေးအေးလူလူပင်ရှိသည်။

သူ့စိတ်က တဆတ်ဆတ်တုန်နေသဖြင့် သူ့ခန္ဓာကိုယ်မှာ ပေါ့နေသလို ထင်ရသည်။ ပုဏ္ဏားကွယ်ကို အသာဖိကပ်ကိုင်ထားသော သူ့လက်ချောင်းတွေက တုန်ချင်နေသည်။ လက်ဖဝါးများအကြားမှ ချွေးတွေ စိမ့်ပြန်ကာ လာနေ၏။ သူ့အဘိုးကတော့ ဝရံတာ ပက်လက်ကုလားထိုင်ပေါ်တွင် အေးအေးလူလူထိုင်နေကာ မျက်စေ့များကို မှေးမှိတ်ထားလေသည်။

မျက်ဝန်းများကို မှေးမှိတ်ထားသည်ကို သိသည့်တိုင်အောင် အဘိုး၏မျက်နှာကို သူ စေ့စေ့မကြည့်ရဲသေး။ အသက် ၆၉နှစ်ရှိပြီဖြစ်သော်လည်း အဘိုးမှာ ပိန်လှီချုံးကပ်သွားခြင်း မရှိ။ အရိုး၊ အကြောပေါ်မနေ။ လည်ပင်းနှင့် လက်မောင်းအသားများကို အနီးကပ်ကြည့်လိုက်လျှင် ဖြူဖွေးသော အသားရည်ပေါ်မှာ ငါးကြင်းကွက်စိပ်စိပ်၊ အရည်ပြားခတ်တွဲတွဲ ရှိသည်မှလွှဲ၍၊ မျက်ခွံနှင့် မျက်အိတ် အနည်းငယ်တွဲကျနေသည်မှလွှဲ၍ အဘိုးသည် တခြားအဘိုးများလို ဇရာ၏ သိသိသာသာဖိစီးခြင်းကို မခံခဲ့ရ။ ဆံပင်ကတော့ သူ မှတ်မိသည့်အချိန်မှစ၍ သူ့အဘိုးခေါင်းတွင် မရှိတော့။

မိသော်က သူလှမ်းကြည့်နေသော ပုဏ္ဏားကွယ်ကို တစ်ချက်လှမ်းကြည့်ကာ သူ့ကို နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်ရင်း အဘိုးနှင့်နီးရာ ပက်လက်ကုလားထိုင်နားသို့ ဓွေ့ခနဲ ရွေ့သွားသည်။ သူ့ရင်သည် ဖျတ်ခနဲ နိမ့်ဆင်းသွားသည်။ ငသော် တယ်သတ္တိရှိနေပါလားဟု စိတ်ထဲမှလည်း တွေးမိသည်။ တကယ်တော့ ဇာတ်က သူစမိသည့်ဇာတ်၊ သူ ဆရာကြီးစလုပ်သည့်ဇာတ်၊ အခုမှတော့ ကြောက်နေလို့လည်း မထူးတော့ပြီ။

တကယ်တမ်း စကြပြီဆိုတော့ သူ့စိတ်ထဲမှာ ပူပန်မှုတွေ ရောက်လာသည်။ တစ်ခုခုများ မှားသွားရင်ဖြင့်၊ တစ်နေရာရာများ လွဲသွားရင်ဖြင့်ဟု တွေးကာ ထိတ်လန့်နေမိသည်။ အဲဒီလိုများ မှားယွင်းသွားမည်ဆိုလျှင် အပြစ်အားလုံးသည် သူ့အပေါ် ပုံကျလာတော့မည်။ ငသော်ကတော့ မိန်းကလေးလည်းဖြစ်ပြန်၊ အငယ်မလည်းဖြစ်ပြန်၊ ဇာတ်လမ်းကို

mgyoe.com

mgyoe.com

စတင် အကောင်အထည်ဖော်သူလည်း မဟုတ်ပြန်ဆိုတော့ လွတ်အောင် ရုန်းလို့ရမှာ သေချာသည်။ အခုတောင်မှ အဆင်မပြေကြလျှင် မေမေ့ကို ငိုယိုပြီးပြောဖို့ စကားတွေ ရှာထားပြီးရောပေါ့ဟု သူ တွေးမိသွားသည်။ သူကတော့ မလွယ်။ လွတ်လမ်းသိပ်မရှိ။ စိတ်ထဲမှ မိသော်ကို ''ခွေးမ''ဟု ဆဲလိုက်မိတော့ ရင်ထဲမှာ ပေါ့သွားသည်။ တကယ်လို့ အဆင်မပြေဘူး ဆိုရင် ငသော် အရင်အအော်ခံရမှာပဲ၊ ငသော်ကို အဘိုးက အော်ပြီဆိုရင် တော့ ဒီအစီအစဉ်ကို မေ့ပစ်လိုက်တော့မယ်ဟု ဆက်တွေးမိတော့ စိတ်ထဲ က တုန်လှုပ်မှုက လျော့ကျသွားသည်။ သူ နေသာထိုင်သာ ရှိလာသည်။ သတ္တိလည်း နည်းနည်းပိုရှိလာသလို ထင်ရလေသည်။

တကယ်တော့ တစ်အိမ်လုံးက အဖေ အမေနှင့် ကြီးဒေါ်ကပါ ကြောက်ရွံ့ရှိသေရသော သူ့အဘိုး၏ခေါင်းကို ကိုင်ဖို့ သူတို့ ကြိုးစားနေ ကြခြင်းပင်ဖြစ်သည်။

အဖေသည်ပင်လျှင် ရုံးမှ အိမ်သို့ စီးကရက်သောက်ရင်း ပြန်အလာ အဘိုးနှင့် ပက်ပင်းတိုးလျှင် စီးကရက်ကို ချက်ချင်းလွှင့်ပစ်ကာ ခပ်ကုတ်ကုတ် ခါးကုန်း၍ အဘိုးအရှေ့မှ ဖြတ်ရသည်။ အဘိုး အိမ်ရှေ့မှာ ရှိလျှင် အဖေသည် အိမ်ရှေ့မှ အသံကျယ်ကျယ် မပြော။ အမေ့ကိုရော သူ့ကိုပါ လေသံသဲ့သဲ့ဖြင့်သာ စကားပြောတတ်သည်။ ပြီးတော့ အဖေသည် ဘယ်တော့မှ ကိစ္စမရှိဘဲ အဘိုးအရှေ့မှာ ယောင်လည်လည် သွားလုပ်နေ တာမျိုးမရှိ။ အဘိုးကို အဖေက ဘယ်တော့မှ စကားစမပြော။ အဘိုးက ပြောလျှင်၊ မေးလျှင်လည်း အဖေသည် ဆရာရှေ့မှာ စာဆိုသည့် တပည့် လို ခဏစဉ်းစားလိုက်ကာ စကားကို သတိကြီးစွာထားပြီး ပြောသည်။ လေသံဖြင့် ဖြေတတ်သည်။

အမေက...

''နင်တို့အဖေက အခုမှကြောက်တာ မဟုတ်ဘူးဟဲ့...ဟိုး ကတည်းက ကြောက်ရတာ၊ နင်တို့အဘိုးရုံးမှာ သူက စာရေးလုပ် ကတည်းက ကြောက်နေရတာ''

...ဟု ရယ်ရယ်မောမော ပြောပြတတ်သည်။ အမေကမူ အဘိုးနှင့် ရယ်ရယ်မောမော စကားပြောတတ်သေးသည်။ တစ်ခါတစ်ရံ

mgyoe.com

mgyoe.com
သူတို့အရှေ့မှာ အဘိုးကို စတတ် နောက်တတ်သေးသည်။ သို့သော် မေမေသည်လည်း အဘိုးကို ကြောက်ရသည်က များလေသည်။ အဘိုးက သူနှင့် ငသော့ကို နည်းနည်းဆူလျှင် အမေသည် မနေတတ်တော့။ သူတို့ကို အဘိုးဘက်မှဝင်ကာ ပို၍ဆူတတ်သည်။ ပြီးတော့ အိမ်နောက်ဖေးတွင် လေသံမျှနှင့်...

"နင်တို့ကြောင့် ငါပါ အဆူခံရရင်တော့လား..."ဟု ကျိန်းတတ်သည်။

အဘိုးကိုတော့ သူတို့ တစ်မိသားစုလုံးတင်မက ဘောက်ထော်ရွာကလေး တစ်ရွာလုံးကပါ လေးစားကြောက်ရွံ့ကြသည်။ အဘိုးသည် သူတို့နေထိုင်သည့် ဘောက်ထော်ရွာကလေးမှ တစ်ဦးတည်းသော ခေတ်ပညာတတ် ငွေစာရင်းမင်းကြီးဖြစ်သဖြင့် အစိုးရကားကို စီးရသည်။ ရန်ကုန်မြို့ထဲမှာ ရုံးထိုင်ရသည်။ ကျုံ္ကဆံဘုရားမှာ ဂေါပကလုပ်ရသည်။ မြို့နယ်ဘာသာရေးအသင်းတိုင်းတွင် နာယကအဖြစ် ပါရသည်။

ထို့ကြောင့် ကထိန်ပွဲ၊ ဘုရားပွဲ၊ ဆွမ်းကြီးလောင်းပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲ စသည့် ရပ်ကွက်မှပြုလုပ်သော ပွဲတိုင်း ပွဲတိုင်းအတွက် လူကြီးများက အဘိုးကို လာရောက်တိုင်ပင်ကြသည်။ အစီအစဉ်ကို ပြောပြကြသည်။ ဒါပေမယ့် အဘိုးကတော့ ဝရံတာမှ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ မျက်ခွံလေးတွဲတွဲများကို မှိတ်ချထား၍ ငြိမ်သက်ရင်းက...

"အင်း...အင်း"ဟု အသံပြုကာ နားထောင်နေတတ်သည်။ ဝါးတုတ်ကို အနားဖွာကာ ဆေးဆိုးထားသော ခြင်ရမ်းတုတ်ကို တဖျပ်ဖျပ်ခတ်ကာ နားထောင်တတ်သည်။ ဘယ်ပွဲရဲ့ ဘယ်အစီအစဉ်ကိုမှ အဘိုးက မကျေနပ်တာမရှိ။ ပြုပြင်ပြောင်းလဲပစ်တာမျိုး မရှိ၊ လိုအပ်နေသည်များကိုတော့ အနည်းငယ် ဖြည့်စွက်ပေးတတ်သည်။

ကြီးတော်ဆိုတာကတော့ မပြောနှင့်တော့။ အဘိုးနှင့် ထမင်းစားလျှင် ငါးချဉ်းကိုလည်း များများမစားရဲ၊ ဒညင်းသီးကိုလည်း တစ်ခြမ်းအပြင် ပိုမတို့ရဲ၊ ငရုတ်သီးကိုလည်း စပ်စပ်မစားရဲနှင့် သူ့ကို အဘိုးက ဘာမှမပြောသည့်တိုင်အောင် တွေးတွေးကြောက်တတ်သေးသည့် အဖိုးကြီး

mgyoe.com

mgyoe.com
သာဖြစ်သည်။

တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံးနှင့် တစ်အိမ်လုံးက ကြောက်ရသော အဘိုးတစ်ယောက် အိမ်မှာရှိနေခြင်းသည် သူတို့မောင်နှမအတွက် ကြီးမားစွာသော ဝဋ်ဒုက္ခတစ်မျိုး ဖြစ်လာသည်။ အဘိုးသည် ငယ်ငယ်တုန်းက မြေဦး သူ့ကို သိပ်ချစ်သည်၊ ချီသည်၊ ပိုးသည်၊ ချော့မြူသည်ဟု အမေက ပြောဖူးသော်လည်း သူက သိပ်မယုံချင်။ သူတို့သိတတ်စ လူပျိုဝင်စကတည်းက အဘိုးသည် သူ့ကို တစ်ခါမှ ရယ်လားမောလား မလုပ်ဘူး၊ ပြုံးပြုံးရွှင်ရွှင် စကားမပြောဘူးခဲ့ချေ။

အဘိုးရှိလျှင် ဇော်ဝင်းထွဋ်အခွေ နားထောင်လို့မရ၊ ဂစ်တာတီး၍မရ၊ သီချင်းအော်ဆို၍ မရ၊ သူငယ်ချင်းတရုန်းရုန်း လုပ်၍မရ။ ဟိုထွက်သည်ထွက် လုပ်၍မရ၊ ဂျင်းဘောင်းဘီ ဝတ်၍မရ၊ သူ ဆယ်တန်းအောင်၍ တက္ကသိုလ် ဒုတိယနှစ် တက်နေသည့်တိုင်အောင် ထိုကိစ္စများကို သူ့မှာ လွတ်လပ်ခွင့်မရခဲ့ချေ။ ငသော်မှာလည်း သူ့လိုပင် ဖြစ်သည်။ ဇီးထုပ်ဆိုလျှင် ဖွတ်ထားရသည်။ ပြောင်းဖူးတို့ ဝက်ဆီဖတ်တို့ကို နိုးပြီး ဝယ်လာရသည်။ အိမ်သာသွားမလို့ဆိုကာ ခြံစည်းရိုးထဲက တိုးပြီး ရခိုင်မုန့်တီ သွားသောက်ရသည်။ ဝတ္ထုနှင့် မဂ္ဂဇင်းကို နိုးဖတ်ရသည်။

ထိုကိစ္စများအားလုံး၏ တရားခံစိတ်မှာ သူကတော့ တစ်ခုတည်းသာမြင်သည်၊ ထိုအရာမှာ အဘိုးက သူတို့မောင်နှမကို အထင်မကြီးခြင်းပင်ဖြစ်သည်ဟု သူထင်သည်။ သူတို့နှစ်ယောက်ကလည်း အဘိုးက အထင်ကြီးလာနိုင်အောင် ဟုတ်တိပတ်တိ ဘာမှ လုပ်မပြနိုင်ကြ။ ဆယ်တန်းအောင်ခဲ့သည် ဆိုသော်လည်း သူက ရူပဗေဒဘာသာတွဲသာ ရခဲ့သည်။ ငသော် တစ်နှစ်မှု သူ့လိုပင် တစ်နှစ်မှုမကျဘဲ ဆယ်တန်းရောက်လာသည် ဆိုသော်လည်း ကျူရှင်တွေ ဘာတွေ ယူရသေးသည်။

အဆိုးဆုံးမှာ သူတို့ အင်္ဂလိပ်စာ ညံ့ခြင်းပင် ဖြစ်လေသည်။ အဘိုးက အင်္ဂလိပ်စာ သိပ်တော်သည်။ အိမ်မှာ အင်္ဂလိပ်ဝတ္ထုတွေ အများကြီးရှိသည်၊ ထိုမဂ္ဂဇင်းကိုလည်း အဘိုးက အပတ်စဉ် ဖတ်သေး၏။ သူတို့ အင်္ဂလိပ်စာကျက်လျှင် အဘိုးအရှေ့မှာ မကျက်ရဲကြ၊ မပြောရဲကြ။ သူတို့မောင်နှမမှ တစ်ဆင့်က အဘိုးက သူတို့ခေတ်ကိုပါ အထင်သေး

mgyoe.com

mgyoe.com

နေပုံ ရသည်။

''ဘာလဲကွ...မင်းတို့ခေတ်...''ဟု အစချီကာ မကြာခဏ ပြောတတ်သည်။

တကယ်တော့ လူတစ်ယောက်သည် အသက် ၅၅ နှစ်လောက် လူတစ်ယောက်ထက် ကြီးရုံမျှဖြင့် အထင်သေးသည်ဆိုသည်မှာ သဘာဝ မကျဟု သူထင်သည်။ သူ အဘိုးထက် အသက် ၅၅ နှစ် ငယ်သည်။ သို့သော် သူသိထားတာတွေအချို့ကို အဘိုးမသိဆိုတာ သေချာသည်။ အဘိုးသိထားခဲ့တာတွေကို သူက တဖြည်းဖြည်းနှင့် သိခွင့်ရသွားနိုင်သည် မဟုတ်လား။

လူငယ်ဆိုတာ ခေတ်နှင့် လိုက်လျောညီထွေ ရွေ့လျားနေရသော သက်ရှိသာဖြစ်သည်။အဘိုးလည်း သူ့ခေတ်တုန်းက ဘန်ကောက်လုံချည် ဝတ်ခဲ့ပည်။ မယ်ဒလင်၊ တယော၊ ဘင်ဂျို တီးချင်တီးခဲ့မည်။ ပြည်လှဖေနှင့် ကိုအံ့ကြီးသီချင်းတွေ ဆိုခဲ့မည်။ ခင်မေအောင်ကို ကြိုက်ခဲ့မည်။ အယ်လီဇဘက်တေတာ ပိုစတာကို ချိတ်ချင်ချိတ်ခဲ့မည်။ ဘိုကေကို ဘယ်ရီစကင်းထည့်ကာ ကော့နေအောင် ဖီးခဲ့မည်။

အခုခေတ်မှာ ဘန်ကောက်လုံချည် မရှိတော့၊ ရှိလျှင်လည်း ဘယ်သူမှ မဝတ်တော့။ မယ်ဒလင်၊ တယော ဘယ်သူမှ မတီးတော့၊ ပြည်လှဖေသီချင်းတွေ မဖွင့်တော့၊ ဘယ်ရီစကင်း မရှိတော့။ Iron Cross ဖြစ်လာပြီ၊ ဇော်ဝင်းထွဋ် ဖြစ်လာပြီ၊ မေသန်းနု ဖြစ်နေပြီ၊ ဘရွတ်ရှီးလ်းပိုစတာတွေ ရောက်လာသည်။ သည့်အတွက် သူ့တို့မှာ ဘာအပြစ်ရှိသနည်း။ သူတို့မှာ ဘာအထင်သေးစရာ ဖြစ်လာရသနည်း။ သူတို့ အင်္ဂလိပ်စာညံ့သော်လည်း ဂျပန်စာ နည်းနည်းတတ်သည်၊ ကွန်ပျူတာ နှိပ်တတ်သည်၊ အမြန်ကား တွယ်စီးတတ်သည်၊ ကွန်ပျူတာ ဂိမ်း ကစားတတ်သည်၊ သူ ကိုမြကြီးရဲ့ မိုးသီချင်းကို အလွတ်ရသည်။ အဘိုး ဇော်ဝင်းထွဋ်သီးချင်းကို မဆိုနိုင်တာကတော့ သေချာသည် မဟုတ်လား။

လူငယ်တစ်ယောက်၏ ရင်ခုန်သံသည် ခေတ်အတိုင်း မခုန်လျှင် ဘယ်လို ခုန်ရမည်နည်း။ လူငယ်တစ်ယောက်၏မျက်နှာတွင် ခေတ်အရောင်

mgyoe.com

mgyee.com
မရှိလို့ ဘာအရောင် ရှိရမည်နည်း။ လူငယ်တစ်ယောက်၏ဟန်တွင် ခေတ်ဟန်မပါ၍ ဘာတွေ ပါရမည်နည်း။

သို့သော် အဘိုးကတော့ မရ…။

"မင်းတို့ခေတ်ကတော့ ဒုက္ခချည်းပါပဲကွာ… "

ဟု ပြောသည်။ သူက ၃၁ ဘုံမှာတော့ ဘယ်ခေတ်ဖြစ်ဖြစ် ဒုက္ခရှိတာပါပဲ အဘိုးရာ… ဟု မအောင့်အီးနိုင်စွာ ပြန်ပြောခဲ့သဖြင့် နှစ်နာရီလောက် အဆူခံ့လိုက်ရသည်။

ဟိုတစ်ပတ်ကပင် ငသော် ဆံပင် မျက်နှာတစ်ခြမ်းဖုံး ညှပ်သဖြင့် အိမ်မှာ ပွက်လောရိုက်သွားသည်။ ငသော်လည်း အခြား ကောင်မလေးတွေလို မျက်နှာရှေ့မှာ ဆံပင်ကို အိုက်တင်နှင့် တင်ချင်မှာပေါ့။ ဒါပေမယ့် အဘိုးကမရ။

"မြကြည် သွားညှပ်ပေးလိုက်"

…ဆိုသဖြင့် ငသော် အမြီးရော၊ တစ်ခြမ်းစောင်းရော ပြုတ်ကာ စာကလေး အမွေးနှုတ်ထားသလို ကြည့်ရဆိုးသွားသည်။ ငသော့်မှာ ငိုမဆုံးတော့၊ ထမင်းမစားတော့။ သို့သော် အဘိုးကတော့ မသိချင်ယောင် အသာကလေးဆောင်ထားသည်။

သူလည်း သူငယ်ချင်းတွေအိမ်မှာ ဗီဒီယို ညလုံးပေါက် ကြည့်ခဲ့သဖြင့် အဆူခံလိုက်ရသည်။ အမေက…

"နင်တို့ကလည်း နင်တို့ပဲ၊ ဒီလောက်ဖိတဲ့ကြားက လွတ်ချင်တယ်"ဟု လေသံနှင့် ကြိမ်းဆူကာ ဗိုက်တွင်းကြော လိမ်သည်။ အဖေကတော့ ဘာမှမပြော။ ကြီးတော်က အဘိုးဆူသဖြင့် စောစော အိပ်ရာဝင်သွားသည်။

"သော်က မေ့ကို ပြောပြီးညှပ်တာပဲ၊ မေပဲ ညှပ်ဆို…"

"ဟဲ့…ငါက ဘာအရေးလဲ၊ နင့်အဘိုးအကြောင်း နင် သိသားနဲ့ ငါ ကြိုတင်သတိမပေးဘူးလား၊ နင်တို့အဘိုးနဲ့ နင်တို့ခေတ်နဲ့တော့ ပြဿနာက အေးမှာ မဟုတ်ပါဘူးဟယ်…"

အမေလည်း မကြုံတတ်ဖြစ်ကာ အိပ်ရာဝင်သွားသည်။ သူနှင့် ငသော်ကတော့ အိပ်လို့မပျော်။ သူ့စိတ်ထဲမှာ တွေးနေခဲ့သည်။ အဘိုး

mgyee.com

mgyoe.com
ငါတို့ကို အထင်ကြီးလာအောင် ဘာလုပ်ရရင် ကောင်းမလဲ။ ဒါမှမဟုတ် ခေတ်လူငယ်ဟာ ခေတ်ဟောင်းလူကြီးတွေထက် နေရာတိုင်းမှာ မသာတာ တောင်မှ တစ်နေရာရာမှာ သာတယ်ဆိုတာကို ငါတို့ ဘယ်လိုပြမလဲ။

✿

သူ့စိတ်ထဲမှာ သူ့အကြံအစည်ကို အကြိမ်တစ်ထောင်လောက် တွေးကြည့်ပြီးပြီ။ ဘာမှ ဟာကွက်မရှိ။ ဘယ်နေရာမှာမှ မှားယွင်းမှုမရှိ။ ပိရိသေသပ်ဖို့နှင့် လုပ်ရဲကိုင်ရဲရှိဖို့ပဲ လိုသည်။ စေ့စပ်သေချာမှုကိုတော့ အချိန်ယူကာ ကြိုတင်ပြင်ဆင်ရမှာ သေချာသည်။ အဘိုးက အင်မတန် စေ့စပ်သေချာတဲ့ ရှေးလူကြီးတစ်ယောက် မဟုတ်လား။ အဲဒီလို စေ့စပ်သေချာမှုသည်ပင် သူ့အတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်လို့နေသေးသည်။ သူ့စိတ်ထဲမှာ အဘိုး၏ တအံ့တသြ သူ့ကို ငေးကြည့်နေရသောမျက်နှာကို မြင်ယောင်နေမိသည်။

"ဟေ့ကောင် ငသော်၊ အဘိုးက ငါတို့ကို အထင်သေးနေတယ်" အဆက်အစပ်မရှိတဲ့ သူ့စကားကြောင့် ငသော်က ခိုးစားနေသည့် မရမ်းပြားကို ချကာ မျက်နှာကို ရှုံ့ပြသည်။

"ဘာလဲဟ၊ ကိုကြီးဟာက အဆက်အစပ်မရှိ ဘာ အထင်သေးတာလဲ"

"ခွေးမကလဲဟာ…အားလုံးကိုပေါ့ဟ၊ အဲဒါ အဘိုးနဲ့ ငါတို့ကြားက တရားခံပဲ။ ဒီတော့ ငါတို့က အဘိုး အထင်ကြီးသွားအောင် လုပ်ပြဖို့ လိုတယ်"

"ဘာလဲ၊ သော်တို့က လုပ်ပြရမှာ၊ ဟိ…ဟိ…ကိုကြီး ဘုန်းကြီး ဝတ်မလို့လား၊ သော်က မယ်သီလရှင်လား"

mgyoe.com

mgyoe.com

"တော်စမ်းပါဟာ၊ ဒီတစ်ခါ ပြေးလို့မလွယ်ဘူးဟ သိလား၊ သေချာပေါက် ငါတို့ကို အထင်ကြီးသွားရမယ်။ အတော့်ကို တိုက်ဆိုင်တာနော်၊ ငါပြောပြမယ်၊ မနေ့က ငါ မဂ္ဂဇင်းထဲမှာ သတင်းကလေး တစ်ခု ဖတ်ခဲ့ရတယ်၊ စိတ်၏ လှည့်စားတတ်သော ရောဂါများတဲ့… သတင်းက ဒီလိုဟ၊ အဘွားကြီးတစ်ယောက်ရဲ့ နားထဲကို ဆန်ပိုး တစ်ကောင် ဝင်သွားတယ်တဲ့၊ အဘွားကြီးက အဲဒီကတည်းက နားကိုက် ရောဂါကို ခံစားရတယ်တဲ့၊ ညဘက်ဆိုလည်း အိပ်လို့မရဘူး၊ ဆန်ပိုးက သူ့နားထဲမှာ လျှောက်သွားနေတယ်လို့ သူက ထင်နေတယ်တယ်။ နားကလည်း ယားလိုက်၊ နာလိုက်နဲ့ပေါ့ဟ၊ အဲဒါ ဆရာဝန်ဆီ သွားပြ တော့ ဆရာဝန်က ကြည့်တယ်။ ဒါပေမယ့် နားထဲမှာ ဘာဆန်ပိုးမှ မရှိဘူးတဲ့။ အဘွားကြီးကတော့ အသေအချာ ရှိတယ်၊ ညဘက်ဆို ဆန်ပိုး နားထဲမှာ သွားနေတာကို သူတောင်မှ ကြားရတယ်ပေါ့… သူ အသေအချာ ခံစားရတယ်ပေါ့၊ ဆေးတွေ ရေတွေ ထည့်တာလည်း မပျောက်ဘူးလို့ ပြောပြတယ်။ အဲဒီဝေဒနာ ခံစားနေရတာ တစ်နှစ်ရှိပြီတဲ့။ သူ့နားကို ခွဲပေးပါလို့ ဆရာဝန်ကို ပြောတယ်ဟာ…"

"ဘာလဲ အဘိုးနားထဲကို ဆန်ပိုး ထည့်မလို့လား၊ ဟင့်အင်း… သော်မပါဘူးနော်၊ သော်မပါ"

"ဟာ…နေစမ်းပါဦးဟ အရူးမကတစ်မျိုး၊ အဲဒါ ဆရာဝန်က နားလည်သွားတယ်၊ အဘွားကြီးကို ပြန်လွှတ်လိုက်တယ်၊ နောက်တော့ လာခဲ့ပါ၊ အကောင်းဆုံးဆေးရည် ထည့်ပေးမယ်၊ မပျောက်ဘူးဆိုရင် ခွဲပေးမယ်လို့ ကတိပေးပြီးတော့ပေါ့ဟာ…နောက်နေ့ အဘွားကြီး ပြန်ရောက်လာတော့ ဆရာဝန်က အဘွားကြီး မသိအောင် ဆန်ပိုး တစ်ကောင်ကို ဖမ်းထားတယ်၊ အဘွားကြီးနားထဲကို ဆေးဆိုပြီး ရေတွေထည့်ပြီး သူ့လက်ထဲက ဆန်ပိုးကို နားထဲကထွက်လာတာလို့ ပြောတော့ အဘွားကြီးက တကယ်ယုံပြီး ဝမ်းသာအားရ ကြည့်တယ်၊ ပြီးတော့ နားကိုက်တာလဲ ပျောက်သွားရောတဲ့၊ နားထဲမှာလဲ ဘာအသံမှ မကြားရတော့ဘူးတဲ့"

"အဲဒါ ဘာလဲ"

mgyoe.com

mgyoe.com

''ဟ၊ အဲဒါ စိတ်ရောဂါပေါ့၊ တစ်ကယ်ဝင်ခဲ့ရင်တောင် ဆန်ပိုးက သေရောပေါ့၊ တစ်နှစ်တောင်မှဟာ၊ ဒါပေမယ့် အဘွားကြီးက ဆန်ပိုးရှိတယ် ထင်နေတော့ ခံစားရတာပေါ့၊ စိတ်အစွဲပေါ့ဟာ...အဲဒါ စိတ်အစွဲရောဂါဟ...''

သူ့စကားဆုံးတော့ ငသော်မျက်နှာက ပို၍ရှုတ်ထွေးသွားပုံ ရသည်။ ဆန်ပိုးဟုလည်း တိုးတိုးကလေး ရွတ်သည်။ ပြီးတော့ သူ့ကို နားမလည်သည့် မျက်လုံးမျိုးနှင့် ကြည့်ပြန်သည်။

''အဲဒါ သော်တို့က ဘာလုပ်ရမှာလဲ ကိုကြီးရ''

''နင်ကလည်း တုံးပါ့ဟာ...အဘိုးမှာ အဲဒီရောဂါ ရှိတယ်လေ၊ အမွေးတိုင်တုတ်ကလေး''

မိသော် မျက်လုံးပြူးသွားသည်။ ခေါင်းကို ကုတ်သည်၊ မျက်မှောင် ကြုတ်သည်။ ဟုတ်သည် သူတို့တစ်အိမ်လုံးက ကြောက်နေရသော အဘိုးမှာ ရောဂါတစ်ခုရှိသည်။ အဲဒီရောဂါက သူဖတ်ခဲ့ရသော သတင်းထဲကလိုပင်။ ဒါပေမယ့် ဆန်ပိုးတော့မဟုတ် အမွေးတိုင်တုတ်ကလေးသာ ဖြစ်သည်။

အဘိုးမှာ မနက်စာ ထမင်းစားပြီးချိန်တွင် အိမ်ရှေ့ဝရံတာ ပတ်လက်ကုလားထိုင်တွင် ထိုင်တတ်သည်။ ပြီးလျှင် သူ၏ကွန်ပါဗူး အဟောင်းကလေးကို ထုတ်ကာ သံချောင်းကလေးတွေနှင့် နားထဲကို မျက်စိများ မှေးမှိတ်ကာ ဖြည်းဖြည်းကလေးကော်နေတတ်သည်၊ တစ်ခါက အဘိုးသည် နားယားသဖြင့် အမွေးတိုင်တုတ်ဖြင့် နားကလော်ရင်း အမွေးတိုင်တုတ်ကလေး နားထဲကျိုးကျန်ခဲ့ခြင်းကို သံနဖာကလော်ဖြင့် ပြန်လည်ကော်ယူနေခဲ့ခြင်းဖြစ်သည်၊ ဒီရောဂါကို အဖိုးရတာ တစ်နှစ်မဟုတ် သော်လည်း ရှစ်လတော့ ကြာခဲ့ပြီ၊ ဒါကို သူတို့တစ်အိမ်လုံးက သိသည်။ သို့သော် ဘယ်သူကမှ ဘာမှ မပြောရဲကြ။ အဘိုး၏ ကွန်ပါဗူးအဟောင်း ကလေးထဲမှာ နားဖာကလော် ကိရိယာမျိုးစုံရှိသည်။ အဖျားချွန်၊ အဖျား သွေး၊ အဖျားနှစ်ခွ အဘိုးက သူကိုယ်တိုင် ပြုလုပ်ထားခြင်းဖြစ်သည်။ ထမင်းစားပြီးတိုင်း မျက်စိကို မှိတ်ကာ နားထဲမှ အမွေးတိုင်တုတ်ကို ပြန်လည်ထုတ်ယူလေ့ရှိသည်။ တစ်ခါတစ်ရံတွင် ဖြည်းဖြည်းကလေး

mgyoe.com

mgyoe.com

ဆွဲယူကာ နားထဲသို့ လက်ဖြင့် စမ်းကြည့်တတ်သည်။

"ဟဲ့...မြကြည် လာကြည့်စမ်း၊ ပါလာပြီလားလို့"

...ဟု အမေ့ကို ခိုင်းတတ်သည်။ သို့သော် မပါ။ ဘယ်တော့မှ မတွေ့။ ဒီလိုဆိုလျှင် အဘိုးမှာ မကျေမနပ် ဖြစ်နေတတ်သည်။ ဘယ်သူကမှလည်း မပြောရဲသဖြင့် ထိုအမွှေးတိုင်တုတ် ပြန်လည်ထုတ်ယူရေးကိစ္စမှာ အဘိုးတစ်ယောက်တည်း တားဆီးသူ၊ ကူညီသူ မရှိ လုပ်နေရသည့်ကိစ္စဖြစ်သည်။

"အဲဒါ ငါတို့က အဘိုးနားထဲက အမွှေးတိုင်တုတ်ကို ဖိုင်းထုတ်ပေးကြမယ်ဟာ"

"အမယ်လေး...နားကို ထိမှဖြင့်...ဟင့်အင်း...သော် မပါဘူး၊ ကြောက်တယ်"

"ဟာ...နင်ကလည်း အရူးလားဟ ဟိုဆရာဝန်လိုပဲ လိမ်ရမှာပေါ့၊ ဒါ စိတ်ဝေဒနာဟ၊ အဘိုးက ရှိနေတယ်လို့ ထင်နေတာ၊ တကယ်တော့ ဘယ်ရှိတော့မလဲ၊ ဒီလောက်ထိုးဆွနေတာ အမွှေးတိုင်တုတ်က ကုန်ရောပေါ့။ အတုတစ်ခုလုပ်ပြီး အဘိုးနားထဲက ထွက်လာတာလို့ ပြမယ်ဟာ..."

"ဒီတော့..."

"ဟ...အဲဒီတော့ ပျောက်သွားရောပေါ့၊ ဒါ စိတ်ဝေဒနာပါဆိုပြီးတော့ တစ်လလောက်ကြာတော့မှ အဲဒါ ကျွန်တော်တို့က အဘိုးကို ကုပေးလိုက်တာပါဆိုပြီး အမှန်အတိုင်း ဖွင့်ပြောလိုက်မယ်လေဟာ..."

"ဒီတော့..."

"ဟား...ဟား...ဒီတော့ အဘိုး ဘာမှမတတ်နိုင်ဘူးလေဟာ... သူ့ဝေဒနာကို ပျောက်သွားပြီလို့လဲ အဘိုးက ပြောပြီးနေပြီ၊ ဒီတော့ ငါတို့ကို အဘိုးက အထင်မသေးရဲတော့ဘူးပေါ့ဟ"

"ဟာ...ကိုကြီးကလည်း အဘိုးက သူ့နားကို ပေးကိုင်ပါ့မလား"

"ဒါတော့ ကြံရဖန်ရမှာပေါ့ဟာ...ပြီးတော့ နင်သတ္တိ ရှိတယ်မဟုတ်လား၊ ဘာမှမကြောက်နဲ့၊ ငါ အားလုံးကို တွက်ထား စီစဉ်ထားတယ်၊ နင်နဲ့ငါ နောက်တော့မှ အသေးစိတ်တိုင်ပင်မယ် ဟုတ်လား"

mgyoe.com